


# မိုးကုတ်ပိဋကတ်တိုက်ကျောင်းတော်
# အလှူရေစက်ချအခမ်းအနား
# အထိမ်းအမှတ်

၁–၁–၂၀၀၅

**မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြားတော်မူသော**

# ရှာမှရှားတဲ့အလှူ

(၂၈၂)

ဟောကြားသည့်နေ့
၁- ၁၀- ၅၅

ကျေးဇူးတော်ရှင်   အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# ရှာမှရှားတဲ့အလှူ

ဟောကြားသည့်နေ့
( ၁-၁၀-၁၉၇၇ )

(က)

## အဂ္ဂမဟာပဏ္ဍိတ
## မိုးကုတ်ဆရာတော်ဘုရားကြီးအပေါ်
## ကျေးဇူးရှင်မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီး၏
## သဘောထားမှတ်ချက်

၁။ ကောဇာသက္ကရာဇ် ၁၃၃၇ ခု၊ တပေါင်းလပြည့်ကျော် (၁)ရက်နေ့ (၁၉၆၇ ခု၊ မတ်လ)ညတွင် ရန်ကုန်မြို့သာသနာ့ ရိပ်သာ ဖန်ယဉ်ဓမ္မာရုံကြီး၌ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့အကျိုးတော်ဆောင်ချုပ်ကျေးဇူးရှင် တိပိဋကဓရဓမ္မဘဏ္ဍာ ဂါရိက မင်းကွန်းဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာ ဘိဝံသ ဟောကြားတော်မူခဲ့သော တရားတော်မှ ဖြစ်ပါသည်။

မန္တလေးမှာ ဘုန်းကြီးများနဲ့ ရင်းနှီးတဲ့ ဒကာတစ်ယောက် နဲ့ စကားပြောကြတဲ့အခါကျတော့ - ဆရာတော်တဲ့၊ တပည့် တော် တရားပွဲစုံစုံရောက်ဖူးတယ်တဲ့၊ ပြောစမ်းပါဗျာ ဘယ် တရားပွဲတွေလဲ?။

ဟာ . . . ဆရာကြီး ဦးလှသိန်းတရားပွဲကိုလည်း ရောက်တယ်၊ ဘာတွေတွေ့သတုံးဗျာ . . . ? ဟာ . . . ပရိသတ်ကတော့၊ ပြ(၄)ပြလောက် ပရိသတ်ကိုတွေ့တယ်၊ ပြီးတော့ကောဗျာ . . . ?

ပြီးတော့ ဝိဇ္ဇောဒယဆရာတော်တို့ အနီးစခန်း ဆရာတော်တို့ တရားပွဲတွေ တပည့်တော်ရောက်တယ်၊ အဲ့ဒီကျ တော့ မဏ္ဍပ်တစ်လုံးပဲ၊ မဏ္ဍပ်လျှံရုံပဲရှိတယ်။ ပြီးတော့ ကောဗျာ . . . ?

အဲဒီတုန်းကတော့၊ မိုးကုတ်ဆရာတော်က မန္တလေးမှာ စခါစရှိသေးတယ်၊ မိုးကုတ်ဆရာတော်ရဲ့ တရားပွဲကို အောင်တော်မူမှာတပည့်တော်သွားပြီး တရားနာတယ်ဘုရားတဲ့၊ (၁၅)ယောက်အယောက်(၂၀)လောက်ပဲရှိတယ်။

ပြီးတော့ကော ကိုခင်မောင်လို့ ဆိုတော့၊ တပည့်တော် အဲ့ဒီလောက်ပဲ ရောက်ဖူးတယ်တဲ့၊ ပြီးပြီလား . . . ?၊ ပြီးပါပြီ ဘုရားတဲ့။

အေးကောင်းပြီ၊ ဆရာကြီးဦးလှသိန်းက တရားဟော လိုက်တယ်ဆိုရင် ပရိသတ်ရဲ့ အကဲကိုတယ်ပြီးသိတာကိုး၊ ဒီပရိသတ်ခြောက်သွေ့နေတယ်ဆိုရင်၊ ဒီကနေပြီးတော့ ဓမ္မသံဝေဂ လေးချိုးကြီးများ ရွတ်ပြီးတော့ ပေးလိုက်တဲ့အခါ ကျတော့၊ ဟို . . . ရုပ်ရှင်သွားမယ့်လူတွေရော၊ အငြိမ့်ပွဲ၊ ဇာတ်ပွဲသွားမယ့်လူတွေရော၊ သူတို့နားထောင်ချင်တာ၊ ဒီမှာ ရှိတယ်ထင်ပြီးတော့၊ အဲ့ဒီ (၄)ပြပေါက်လောက်ရှိလာတာပဲဗျ။

တရားပွဲပြီးတဲ့အခါကျတော့၊ ရုပ်ရှင်သွားမယ့်လူတွေက လည်း၊ နောက်ရုပ်ရှင်သွားမြဲသွားတယ်၊ ဇာတ်ပွဲ၊ အငြိမ့်ပွဲ ကိုလည်း သွားမြဲသွားတယ်။

(၈)

တရားနာရကောင်းစေလို့၊ သိလာတဲ့လူ၊ မဏ္ဍပ်တစ်လုံး စာကတော့ ဝိဇ္ဇောဒယ ဆရာတော်တို့၊ အနီးစခမ်း ဆရာတော်တို့ ၊ ဘုန်းကြီးတို့တရားပွဲတွေမှာ နာတာပေါ့။

အဲ့ဒီတရားပွဲမှာလည်း၊ ဘုန်းကြီးတွေက အလှူဆိုအလှူပွဲနဲ့တန်အောင် ဥပုသ်ဆို ဥပုသ်တရားနဲ့တန်အောင် သင့်လျော်အောင် တရားတွေ ရွေးပေးပြီးတော့ အမျိုးမျိုးဟောရတယ်။

တရားနာတဲ့ပရိသတ်က၊ ဟာ . . . တို့တော့တရားအားထုတ်မှဖြစ်မယ် ဒီတော့တရားသက်သက်ကို အားထုတ်ချင်တယ်ဆိုတော့၊ ထိုထိုကမ္မဋ္ဌာန်းဌာနတွေ၊ ရိပ်သာတွေမှာသွားပြီး တရားအားထုတ်ကြလို့၊ မဏ္ဍပ်ကြီး တစ်လုံးထဲက ဆန်ခါတင်လူတစ်ရာလောက်ပေါ့ဗျာ၊ အဲ့ဒီလိုရိပ်သာသွားကြတယ်။

တစ်ခါရိပ်သာကျပြန်တော့လည်းပဲ၊ ကျင့်စဉ်အတိုင်း ကျင့်လို့ ပြီးပြီဆိုတော့၊ ဈေးရောင်းတဲ့ပုဂ္ဂိုလ်ကလည်း ဈေးပြန်ပြီး ရောင်း၊ ပုတီးလေးနဲ့ပေါ့။

သို့သော် တချို့ကတော့၊ ဈေးကိုမရောင်းချင်တော့ဘူး၊ တစ်ခါတည်းဆက်ပြီးတော့ တရားနဲ့ပဲ၊ နှလုံးသွင်းချင်တဲ့ ပုဂ္ဂိုလ်က ဘယ်သွားပြန်သတုံးဆိုတော့ ဆရာတော်ဦးဝိမလဆီသွားတာပေါ့၊ အဲဒီလို (၁၅)ဦး၊ ဦး(၂၀)ဖြစ်တာပေါ့။

သို့သော် ကိုခင်မောင်ကို ဘုန်းကြီးပြောချင်တယ်ဆိုတော့ . . . ဘယ်လိုတုံးဘုရားတဲ့။

(ဃ)

အေး . . . စာပေ ပရိယတ္တိနဲ့ နေကြတဲ့ မိုးကုတ်ဆရာတော်ဦးဝိမလတို့ နှလုံးသွင်းပုံဟာ၊ အဲဒီပရိသတ်ကိုပောတဲ့ တရားအထက်နားမှာ၊ တစ်ထွာလောက်၌ ရှိတယ်လို့ မှတ်ပြီး ထားစေချင်တယ်။

ဆရာတော်ဘာပြောတာလည်းဘုရား . . ?၊ ဟ . . စာပေနဲ့နေတဲ့ပုဂ္ဂိုလ်များက တရားနှလုံးသွင်းတယ်ဆိုတာဟာ အခုပြောသလိုပဲ ကမ္မဋ္ဌာန်းစီးဖြန်းတော့ . . . စက္ခုံအနိစ္စံ ဒုက္ခံ အနတ္တံ၊ နေတံမမ၊ နေသောဟသ္မိ၊ နမေသောအတ္တာ၊ သောတံကာယံ ဇိဝှာကာယော မနောအနိစ္စော ဒုက္ခော၊ အနတ္တာ နေတံမမ နေသောဟသ္မိ၊ နမေသောအတ္တာ၊ (မိုးကုတ်ဆရာတော် ဦးဝိမလက) ပါဠိကိုသိသကိုးဗျ . . . ။

ဒီလိုသိတော့ သူက ပါဠိက ရွတ်လို့လည်းပဲ၊ သဘာဝ ဝိယုတ္တိဆိုတာ အရသာတစ်မျိုးရှိတယ်၊ ဓမ္မပီတိလည်းဖြစ်တယ်၊ ဒီဓမ္မရသအတ္တရသ ပါဠိကပိုပြီး အရသာပေါ်တယ်။

အဲဒါကြောင့် စာချတဲ့ဆရာတော်တွေ နှလုံးသွင်းတာက ဆရာတော်ဦးဝိမလက လူတွေကို နှလုံးသွင်းခိုင်းတာရဲ့ အထက်နားတစ်ထွာလောက်မှာ ရှိတယ်၊ မိုးကုတ်ဆရာတော်က။

၂။ ကောဇာသက္ကရာဇ် ၁၃၃၉ ခု၊ နယုန်လပြည့်ကျော် (၁၃)ရက် (၁၃-၆-၁၉၇၇) တနင်္လာနေ့ ည(၇)နာရီတွင် ကြို့ပင်ကောက်မြို့၊ မဟာလောကသိရီဘုရားကြီး သံတန်

ဆောင်းအတွင်း၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ်၊ ကျေးဇူးရှင်တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ဟောကြားတော်မူခဲ့သော တရားတော်မှ ဖြစ်ပါတယ်။

တရားနာပရိသတ်က အကြိုက်(၅)မျိုးရှိကြတယ်၊ ဘယ်သူတွေလည်းဆိုတော့။

၁။ သဒ္ဒပသန္နဆိုတာ အသံကောင်းတာကိုမှကြည်ညိုတာ၊ အသံနေအသံထားကြည်ညိုတဲ့ ပရိသတ်ပေါ့။ နိဗ္ဗာန်မင်္ဂဖိုလ်တော့၊ မရနိုင်ပါဘူး။

၂။ ရူပ ပသန္နဆိုတာ ရုပ်ရေအဆင်းကိုကြည်ညိုတာ၊ ဓမ္မကထိက ကိုယ်တော်ရဲ့ ရုပ်ဆင်းအင်္ဂါ၊ ဥပဓိရှိတာကိုကြည်ညိုတဲ့ပရိသတ်၊ သူလည်းမင်္ဂဖိုလ်နိဗ္ဗာန်မရနိုင်ပါဘူး။

၃။ ဂုဏာပသန္နဆိုတာ ဂုဏ်ရှိတဲ့ ဓမ္မကထိကကိုမှကြည်ညိုတာ၊ ဘုန်းကြီးကိုပဲ ဆိုကြပါစို့၊ ဒီဘုန်းကြီးက တိပိဋကဓရတဲ့၊ အင်မတန်ဂုဏ်ရှိတယ်ဆိုပြီး ကြည်ညိုတဲ့ပရိသတ်၊ ဒီပရိသတ်မျိုးလည်း မင်္ဂဖိုလ်နိဗ္ဗာန်မရနိုင်ပါဘူး။

၄။ လူခ ပသန္နဆိုတာ ခြိုးခြံခြံ အကျင့်ရှိသူကိုမှ ရွေးပြီးကြည်ညိုတာ၊ ဒီပရိသတ်မျိုးလည်း မင်္ဂဖိုလ်နိဗ္ဗာန်မရနိုင်ဘူး။

၅။ ဓမ္မပသန္နဆိုတာ တရားဓမ္မသက်သက်ကို ကြည်ညိုတာ။ အဲ့ဒါမျိုးကျတော့ အသံကိုလည်း ပဓာနမထား၊ ရုပ်အဆင်းကို

လည်းမကြည့်၊ ဂုဏ်ကိုလည်းမငဲ့၊ ခေါင်းခေါင်ပါးပါးအကျင့်ကိုလည်း ဂရုမစိုက် ဓမ္မသက်သက်ကိုသာ ကြည်ညိုတဲ့ပရိသတ်မျိုး၊

အဲ့ဒီပရိသတ်မျိုးသာလျှင် ဒီဘဝမှာ တရားထူးရနိုင်တယ်တဲ့။

အဲဒီ ဓမ္မပသန္နပရိသတ်ဆိုတာကတော့ ဦးရေနည်းပါးလှပါတယ်။ အခုခေတ်ဥပမာပြရမယ်ဆိုရင် မိုးကုတ်တရားနာပရိသတ်တို့ကိုပဲပြရမှာပဲ။

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း မိုးကုတ်ဆရာတော် ကြီး ဦးဝိမလ၊ အဲဒီဆရာတော်ကြီး ဟောပြတဲ့ ဓမ္မတို့ကတော့၊ အလွန်အင်မတန်မှ ပီသလှပါပေတယ်၊ တစ်ထိုင်တည်းနဲ့ နိဗ္ဗာန်အရောက် ဦးတည် ပို့ပေးနိုင်တဲ့တရားတော်များလည်းဖြစ်ပါတယ်။

အဲဒီတရားတော်များကို ကြည်ညိုတဲ့ ပရိသတ်မျိုးမှပဲ ဓမ္မပသန္နပရိသတ်မျိုးလို့ ချီးကျူးကြရမှာပဲ။

ပြီးတော့ မိုးကုတ်ဆရာတော်ဘုရားကြီး ဦးဝိမလ ဟောတဲ့တရားတော်များကလည်း။ ဘုန်းကြီးတို့ရဲ့ ခေါင်းပေါ်နှစ်တောင်လောက်ကျော်ပြီးသွားတဲ့တရားများ။

ဘာကြောင့်လဲဆိုတော့ ဘုန်းကြီးတို့ အခုပိဋကတ်သုံးပုံကို ဆောင်နိုင်နေတယ်၊ သိနေတယ် ဆိုတာက ဘယ်စာမျက်နှာမှာ ဘယ်အကြောင်းအရာတွေပါတယ်ဆိုတာ မှတ်ထားတာ သညာနဲ့ မှတ်တာပေါ့။

မိုးကုတ်ဆရာတော်ကြီးကတော့ ခန္ဓာကိုယ်ထဲမှာ ဘယ်လိုဖြစ်နေတယ်ဆိုတာကို ပညာဉာဏ်နဲ့ ထိုးဖောက်ပြီး သိတာ၊ ပညာသိ၊ သိတာ။

၃။ ၁၉၈၂ ခုနှစ်ခန့်က မြစ်ဝကျွန်းပေါ် ဟသ်ာတမြို့၌ ကျွန်တော်တာဝန်ကျစဉ် ဆန်စက်ပိုင်ရှင်တစ်ဦးသည် မင်းကွန်း တိပိဋကဆရာတော်ဘုရားကြီး ကြွရောက်လာသောအခါ ဆရာတော်အား မေးခွန်းတစ်ပုဒ်မေးမြန်းလျှောက်ထားခဲ့ပါသည်။

**အမေး** "အရှင်ဘုရား မိုးကုတ်ဆရာတော်ကြီး မြန်မာလို ဟောကြားထားသော တရားတော်များသည် မြတ်စွာဘုရား ဟောကြားသော တရားတော်စစ်စစ်ဟုတ်ပါရဲ့လားဘုရား"ဟု လျှောက်ထားပါသည်။

**အဖြေ** မင်းကွန်းဆရာတော်ဘုရားက ဖြေကြားတော်မူသည်မှာ "ဒကာကြီး မိုးကုတ်ဆရာတော်ဦးဝိမလဟောကြားထားသော တရားတော်များထဲမှ ဒကာကြီး သံသယရှိတဲ့၊ မမှန်ကန်ဘူးလို့ ထင်တဲ့တရားတော်ကို ရွတ်ပြပါတဲ့ . . . ?။ ဘုန်းကြီးက ဘုရားဟောတရားတော် ပါဠိတော်၊ စစ်စစ်ဖြစ်ကြောင်း ကျမ်းဂန်အကိုးအကားထုတ်ပြပါ့မယ်" ဟု ဖြေကြားတော်မူခဲ့ပါသည်။

## ၄။ မိုးကုတ်ဆရာတော်ဘုရား၏ ဆုံးမစကား

မိုးကုတ်မြို့တွင် မိုးကုတ်ဆရာတော်ဘုရားသီတင်းသုံး နေစဉ်၊ မန္တလေးမြို့ ရဟန်းပျိုအဖွဲ့မှ သံဃာတော်တချို့ မိုးကုတ်မြို့ သို့ ကြွလာကြပြီး ကန့်ကွက်ဆန္ဒပြကြပါသည်။ ထိုအခါ မိုးကုတ် မြို့သူမြို့သားများက မခံမရပ်နိုင်ဖြစ်နေကြသဖြင့် မိုးကုတ် ဝိပဿနာအဖွဲ့ချုပ်ဥက္ကဋ္ဌကြီးဦးမြင့် နာယက၊ ကျောင်းအစ်မကြီး ဒေါ်သန်းသန်းတို့က ဆရာတော်ထံလျှောက်ထားရာ၊ ဆရာတော် ဘုရားက ဒီကိစ္စမင်းတို့လုပ်တာလား၊ သူတို့လုပ်တာလားလို့ မေးရာ၊ သူတို့လုပ်တာပါဘုရားဟု ဖြေကြားပါသည်။

ထိုအခါဆရာတော်ဘုရားက မင်းတို့ဟာ သူများရဲ့ ကုသိုလ်ကိုတော့ ကိုယ့်ကုသိုလ်ဖြစ်အောင် မယူတတ်ဘူး၊ သူများရဲ့ အကုသိုလ်ကို ကိုယ့်အကုသိုလ်ဖြစ်အောင်တော့ ယူတတ်တယ်၊ မင်းတို့ဟာ မင်းတို့နေတတ်အောင်နေပါ၊ မင်းတို့နဲ့မဆိုင်ဘူး၊ ကိုယ့်အကုသိုလ်မဖြစ်စေနဲ့ဟု ဆုံးမစကား မိန့်ကြားတော်မူခဲ့ပါသည်။

သူတော်ကောင်းရတနာ (၇)ပါးပြည့်ဝကြပါစေ . . .

၁၂-၁၂-၂၀၀၄

ဆရာဦးစောလှိုင်
အတွင်းရေးမှူး

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# ရှာမှရှားတဲ့အလှူ

ဟောကြားသည့်နေ့ (၁-၁၀-၅၅)

ဆရာသမားကို သက်န်းကပ်တယ်၊ ဒီသက်န်းကို မောင်ပေါက်ကျော်တို့ မစီတို့က ဘာဖြစ်လို့ ကပ်ချင်ရတာတုံး၊ မေးလိုက်တဲ့အခါကျလို့ရှိရင်ဖြင့်၊ ဩော် . . . တပည့်တော်တို့သည်၊ ကောင်းမှုတို့၏ စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် လျှောက်ရှာနေတာပါဘုရား။

## နိဗ္ဗာန်ရမည်ဟုယုံကြည်၍ လှူဒါန်းပါ

အခုအရှင်ဘုရားတည်းဟူသော ဆရာသမားတည်းဟူသော လယ်မြေကို တွေ့ရတဲ့အတွက်၊ တပည့်တော်တို့သည်

ဒီသံဃာ (၁၀၀)ကျော်၊ ဆရာသမားကို သက်န်းတိစီဝရိတ် ကပ်တဲ့ စေတနာဟာ၊ လယ်မြေကောင်းကို စိုက်လို့ရှိရင်ဖြင့်၊ အလိုရှိတဲ့ တပည့်တော်တို့၏ မအိုမသေအမြဲနေတဲ့ နိဗ္ဗာန် ချမ်းသာကြီးကို ရလိမ့်မယ်ဟု၊ မုချယုံကြည်သောကြောင့် ဤသင်္ကန်းကို လှူဒါန်းပါသည်လို့ စိတ်ထဲမှာ ဆုံးဖြတ်ချက်ချ ရမယ်. . . (မှန်ပါ့)။

ဒါက တစ်နံပါတ်၊ ယုံကြည်တာတစ်နံပါတ်ရှိသေးတယ် . . . (မှန်ပါ့)၊ ယုံကြည်သဒ္ဓါရှိလို့ရှိရင်ဖြင့် ပညာနောက်ကလိုက် တယ်လို့ ဆိုတာမှတ်ထားကြပါ။

## ပညာကနောက်ကလိုက်ပါ

ပညာဘယ်လိုလိုက်ရမလဲလို့ မေးလို့ရှိရင်၊ အခု ဒကာ ဒကာမတွေသည် အခုခန္ဓာကိုယ်ကို ဝိပဿနာဉာဏ်နဲ့ ကြည့် လိုက်ပါလို့ ဆိုတာပြောရတယ်. . . (မှန်ပါ့)။

ဝိပဿနာဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါကျတော့ ခန္ဓာကိုယ်ကြီး အခုထိုင်ပြီးသကာလနေကြငြားသော်လည်း၊ ဟိုဘက်စောင်းရ၊ ဒီဘက်ပြောင်းရဆိုတာ အားလုံးဒကာ ဒကာမတွေဟာ မငြင်းသာ**အောင်ဘဲ တွေ့**ရတယ်။

ဩော်. . . ဒါဘာပါလိမ့်မတုံးဆိုတော့၊ ကာယိကဒုက္ခ၊ ကိုယ်၏ဒုက္ခ၊ စိတ်ကလည်း မခံသာမှုဆိုတဲ့ စေတသိကဒုက္ခ၊

အဲဒီကာယိကဒုက္ခ၊ စေတသိကဒုက္ခကြီးက၊ တပည့်တော်တို့ အလှူပေးပြီး သကာလနေငြားသော်လည်း ဒီဒုက္ခကြီးက တွန်းလှန်ပယ်ဖျက်လို့မရပါဘူးဘုရား၊ ကာယိကဒုက္ခ၊ စေတသိက ဒုက္ခတွေတွန်းလှန်ပယ်ဖျက်လို့ရကြရဲ့လား. . . (မရပါဘုရား)။

## ဘယ်နေရာမှာနေနေ မလွတ်ဘူး

အလှူပေးနေငြားသော်လည်း မရပါဘူး၊ အလှူပေး နေငြားသော်လည်း မရပါဘူး၊ အဲဒီကာယိကဒုက္ခ၊ စေတသိက ဒုက္ခ၊ ဒဏ်ချက်တွေကို မစီနှင့်တကွ မောင်ပေါက်ကျော်တို့ အမြဲခံနေရတယ်. . . (မှန်ပါ)၊ အမြဲခံရတယ်။

ဘယ်နေရာမှာနေနေ မလွတ်ဘူး၊ (၃၁)ဘုံထဲမှာဖြင့် မစီတို့ ဒကာသိုက်တို့၊ မောင်ပေါက်ကျော်တို့ နေချင်တဲ့နေရာ နေပေါ့၊ ဒုက္ခကပါနေတာပဲ၊ ဒီဒုက္ခကပါနေတယ်။

## ဒုက္ခသစ္စာလို့ဆိုရမယ်

ကောင်းပြီ ဒါက ခဏ ခဏ ပြောင်းလဲပြီးသကာလ နေရတဲ့ ဒုက္ခတွေ၊ ဟုတ်တယ် အဲဒီ ဒုက္ခသည် ကားလို့ဆိုလို့ ရှိရင်ဖြင့် ဒုက္ခသစ္စာလို့ဆိုရမယ်. . . (မှန်ပါ)၊ ဒုက္ခသစ္စာလို့ ဆိုရတော့၊ ဒီဒုက္ခသစ္စာကြီးသည်ကား ခွဲမရ ခွာမရ ညနေက ပြောသလို့တစ်ထမ်းတည်းထမ်း၊ တစ်ပိုးတည်းပိုးနေရာက၊

တစ်ပြောင်းတည်းပြောင်းနေရတဲ့ဥစ္စာ၊ ဘယ်အချိန်ကအားကြ သတုံးလို့မေးတဲ့ အခါကျလို့ရှိရင် ဘယ်အချိန်မှ မအားဘူး ဆိုတာ အဖြေထွက်လာမယ်. . . (မှန်ပါ့)။

ဒါဖြင့် ဒကာသိုက်တို့၏ခန္ဓာကိုယ်ကြီးသည်၊ ဘယ် အချိန်မှ မအားအောင် ပြောင်းလွဲပြီးသကာလ နေရတယ်ဆို သဖြင့် ဒုက္ခသစ္စာမှတစ်ပါး ဘာမှ မရှိပါလားဆိုတာ ဆုံးဖြတ် ချက်ချပါ. . . (မှန်ပါ့)၊ ဒုက္ခသစ္စာမှတစ်ပါး ဘာမှမရှိဘူးဆိုတာ ဆုံးဖြတ်ချက်ချကြပါ. . . (မှန်ပါ့ဘုရား)။

## ခဏ ခဏပျက်လို့

အဲဒီကဲ့သို့ ဒုက္ခသစ္စာမှတစ်ပါး ဘာမှမရှိတဲ့အပေါ်မှာ၊ ဒီခန္ဓာကြီးသည်ကား ဆိုလို့ရှိရင်ဖြင့်၊ အမျိုးမျိုးသော အစာ အဟာရ အမျိုးမျိုးသော ဥတုရာသီ၊ အမျိုးမျိုးသော အထည် အလိပ်၊ ဒါတွေနဲ့ပြုပြင်နေရတာ ခိုင်လို့လား၊ မခိုင်လို့လား၊ ပျက်လို့လားလို့ မေးလို့ရှိရင် ခဏခဏပျက်လို့၊ ခဏခဏ အစားထိုးရတယ်၊ အဓိပ္ပါယ်ကို မရောက်ဘူးလား. . . (ရောက်ပါတယ်ဘုရား)။

ဒါဖြင့် ခဏခဏပျက်လို့ ခဏခဏအစားထိုးနေရလို့ ရှိရင်ဖြင့် ဒီသံသရာအတွင်းမှာ ပျက်တိုင်းအစားထိုးနေရမည့် အလုပ်မှတစ်ပါး၊ မောင်ပေါက်ကျော်တို့ ဒကာသိုက်တို့

ဘာရှိသေးသလဲ. . . (ဘာမှမရှိပါဘုရား)၊ ဘာမှ မရှိဘူးနော် မစီ ဘာမှမရှိဘူး။

ဩော်. . . တို့အလုပ်ဟာ ဘာပါလိမ့်မတုံးလို့ သေသေချာချာဉာဏ်နဲ့ ဝေဖန်ကြည့်လိုက်တဲ့အခါကျတော့မှ ပျက်ပြီး အစားထိုး၊ အစားထိုးတာတွေပျက်၊ ပျက်ပြီးတော့ အစားထိုး၊ ထိုးပြီးသကာလ ထိုးထားတာတွေကပျက်၊ ပျက်ပြန်တော့ အစားထိုး၊ ကျုပ်တို့မှာ ဒီအလုပ်မှတစ်ပါး အခြားအလုပ်များ ရှိသေးရဲ့လား. . . (မရှိပါဘူး)။

## ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခ

ပျက်တာလည်း ဒုက္ခ၊ အစားထိုးတာလည်း. . . (ဒုက္ခပါဘုရား)၊ အစားထိုးတာလည်း ပျက်ဖို့ထိုးရတာ၊ အဲဒါကြောင့် ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခဆိုတာ ခန္ဓာကိုယ်ကို အခုဉာဏ်နဲ့ကြည့်စမ်းပါ။

အခုဉာဏ်နဲ့ကြည့်ပြီးသကာလနေတော့ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခမှတစ်ပါး ဘာများရှိသေးသလဲ. . . (ဘာမှ မရှိပါဘူး)။

ဩော်. . . ဒါဖြင့် လူ့ဘဝရကြတယ်၊ နတ်ဘဝရကြတယ်၊ ဗြဟ္မာဘဝရကြတယ်လို့၊ ဒကာ ဒကာမတွေက ဘဝတွေနဲ့ပတ်သက်ပြီး စကားသာပြောကြတာ၊ လူနတ်ဗြဟ္မာ ဆိုင်းဘုတ်မှာသာ လူနတ်ဗြဟ္မာထားလိုက်တယ်၊ ဖြစ်ဒုက္ခ ပျက်ဒုက္ခကတော့ ဘယ်သူမှ မထူးကြဘူး. . . (မှန်ပါ)။

## လူရယ် နတ်ရယ်လို့ ဆိုင်းဘုတ်သာဆွဲထားတာ

လူရယ်၊ နတ်ရယ်၊ ဗြဟ္မာရယ်လို့တော့ ဆိုင်းဘုတ်ကလေးတော့ ဆွဲထားတာတော့ ထူးတယ်ပေါ့ဗျာ. . . (မထူးပါဘူး)၊ အတွင်းထဲမှာကြည့်လိုက်တော့ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခမှ တစ်ပါး ဘာရှိသေးသလဲ. . . (မရှိပါဘူး)။

အဲဒါဖြင့် (၃၁)ဘုံတွင် နေလေသမျှ၊ ကြုံလေသမျှ၊ ဆုံလေသမျှဆိုလို့ရှိရင်ဖြင့် ဒုက္ခမှတစ်ပါး ကြုံစရာမရှိဘူးဆိုတဲ့ အဓိပ္ပါယ်ဟာ သေချာပါတယ်. . . (သေချာပါတယ်)။

အဲဒီတော့ ခဏခဏဖြစ်၊ ခဏခဏပျက်၊ အခုသိလယူပြီးတဲ့ စိတ်ကလေး အကုန်ပျက်ပြီ. . . (မှန်ပါ့)၊ တရားနာတဲ့ စိတ်နဲ့ တရားနာနေတယ်။

## တရားနာတဲ့စိတ်

တရားနာတဲ့စိတ်ကလည်း အခုစဉ်းစားကြည့်ပြန်တော့၊ နာခဲ့တဲ့စိတ်ကလေးပျက်လို့ အခုအသစ်စိတ်နဲ့ တရားနာနေရတယ်ဆိုတာလည်း၊ ခင်ဗျားတို့အမှန်သိပြီးသားဖြစ်ပါတယ်။

အဲဒီလိုအမှန်သိပြီးသားဖြစ်ပြီးနေတော့၊ စိတ်မှာလည်း အစားထိုးပြီး တရားနာနေတယ် ရုပ်ကကော. . . (အစားထိုးပြီး တရားနာနေပါတယ်)၊ အစားထိုးပြီးတရားနာနေတယ်။

## အစားထိုးပြီးတရားနာ

အစားထိုးပြီး ရေစက်ချ၊ အစားထိုး၍တရားနာ၊ အမလေး ဒကာ ဒကာမတို့ ခဏတောင်မှ မခိုင်ပါလား. . . (မခိုင်းပါဘုရား)၊ မခိုင်တာသည် ပျက်တယ်၊ ပျက်တာဘာသစ္စာ ပါလိမ့်. . . (ဒုက္ခသစ္စာပါဘုရား)။

ဩော်. . . ဒါဖြင့် ဒုက္ခသစ္စာကြီး ပျက်ဖြစ်ကြီးဆိုတဲ့ ဒုက္ခသစ္စာကြီး တပည့်တော်တို့အမှန်မြင်တဲ့ဉာဏ်နဲ့ အမှန်မြင်တဲ့ ဝိပဿနာမဂ်ဉာဏ်ဖြင့် တပည့်တော်တို့သည် ဒီဝဋ်ကြီး ကျွတ်ချင်လွန်းလို့ ဒီသင်္ကန်းကပ်ပြီး၊ ဒီသံဃာ (၁၀၀)ကျော်တို့ အား လက်ဖက်ခြောက်တို့ ဆပ်ပြာတို့ အမျိုးမျိုးပေါ့လေ၊ သုံးဆောင်ဖို့ ဒါတွေလှူဒါန်းခြင်းဟာ ဒုက္ခကျွတ်ချင်လို့ ဒုက္ခရွံ လွန်းလို့၊ ဒုက္ခမုန်းလွန်းလို့ ဖြစ်ပျက်ကြီးဆိုတဲ့ဥစ္စာ၊ ဘယ်တော့ မှ မအားရအောင်ပျက်၊ ဘယ်တော့မှ မအားရအောင် အစားထိုးနေရတော့၊ ဝဋ်ကောင်သက်သက်မှန်းသိခြင်းကြောင့် ဝဋ်ဒုက္ခမှ ကျွတ်ချင်တဲ့ဉာဏ်နဲ့ ဆရာအား သင်္ကန်းကပ်ပါသည် လို့ ဆုံးဖြတ်ချက်ချ. . . (တင်ပ့ါ)။

## ဘာမှမရချင်ဘူးဝဋ်ပဲကျွတ်ချင်တယ်

ဝဋ်ကျွတ်ချင်လို့၊ ဘာရချင်လို့တုံး၊ ဘာမှ မရချင်ဘူး၊ ဝဋ်ပဲကျွတ်ချင်တယ်၊ ဒါပဲ ဆုံးဖြတ်ချက်ချ၊ ဘာရချင်လို့တုံးလို့ မေးလို့ရှိရင်၊ ဘာမှ မရချင်ဘူး ဝဋ်ပဲကျွတ်ချင်တာသက်သက်ပဲ။

မောင်ပေါက်ကျော်၊ မစီ ဝဋ္ဋကကော ကိုယ်တိုင်မြင်တာ လား. . . (မှန်ပါ)၊ အစားထိုးလာခဲ့ကြတာလည်း၊ ဘယ်လောက် လာခဲ့ကြပြီလဲ. . . (ကြာပါပြီဘုရား)၊ အစားထိုးရတိုင်း ထိုးရတိုင်း၊ ပျက်နေလို့ချည့်မှတစ်ပါး ဘာမှပြောစရာမရှိဘူး . . . (မှန်ပါ)။

ဒါကြောင့် ပျက်လိုက်၊ အစားထိုးလိုက်၊ ပျက်လိုက် အစားထိုးလိုက်၊ ပျက်လိုက် အစားထိုးလိုက်ဆိုတော့၊ အစားထိုး လို့ ဒကာသိုက်တို့ ဒေါ်ရွှေတို့က အစားထိုးလို့ရှိရင်ပြီးရောဟဲ့လို့ အောက်မေ့မယ်၊ အစားထိုးတာက ပျက်ဖို့ကပါပြီးသကာလ သွားတော့ အစားထိုးပြီးပျက်တယ်. . . (မှန်ပါဘုရား)၊ ထိုးပြီး ပျက်ပဲ။

## ပျက်စရာနဲ့အစားထိုးတော့ပျက်ပြန်တယ်

သူ့မှာလည်း ဒုက္ခတွေပါတာကတစ်မျိုး ဇရာ၊ မရဏာ နှိပ်စက်တာကတစ်မျိုး. . . (တင်ပါ)၊ ဤကဲ့သို့ အစားထိုးတာ ရော၊ ပျက်စရာနဲ့ အစားထိုးလိုက်တော့ ပျက်ပြန်တာပဲ။

ပျက်ပြန်တော့ နောက်တစ်ခါ အစားထိုးပြန်တော့ ပျက်ဖို့ရာက ပါသွားတယ်၊ ဒါဖြင့် ခင်ဗျားတို့မှာ ယာယီမပျက် ချင်လည်း၊ အပျက်ပါနေသောကြောင့် ပျက်ဒုက္ခပဲ။

ပျက်သွားတာလည်း ပျက်စီးခြင်းဒုက္ခပဲဆိုတော့ ဘုရားက **ဒုက္ခမေဝဟိ သမ္မောတိ ဒုက္ခံတိဋ္ဌတိ ဝေတိစ၊ နာညတြ ဒုက္ခာ သမ္ဘောတိ၊ နာညံဒုက္ခာနိရုဇ္ဈတိ**လို့ ဘုရားက ဟောတယ်၊ **ဒုက္ခမေဝ**-ဒုက္ခတရားသည်သာ **သမ္ဘောတိ** မင်းတို့ သန္တာန်၌ဖြစ်၏၊ ပြော်. . . ဒုက္ခရောက်မှာပဲဖြစ်တာပဲ၊ **ဒုက္ခံတိဋ္ဌတိ**တဲ့ **ဒုက္ခမေဝ**-ဒုက္ခတရားသည်သာ တိဋ္ဌတိခဏလေးတည်တာပဲကွ၊ ဒုက္ခတည်နေတာကွတဲ့။

## ဒုက္ခဖြစ်၍ဒုက္ခပျက်တာပဲရှိတယ်

**ဒုက္ခမေဝ**-ဒုက္ခတရားသည်သာလျှင် **နိရုဇ္ဈတိ**-ချုပ်သွားတယ်၊ ချုပ်သွားတာ ဘယ်သူတုံးဆိုတော့ ဒုက္ခချုပ်သွားတာ၊ နာညတြ ဒုက္ခာသမ္ဘောတိ၊ ဒုက္ခာ-ဒုက္ခကို **အညတြ**-ကျဉ်ထား၍ **သမ္ဘောတိ**-ဖြစ်တဲ့တရားဟာ မင်းတို့ရှာချင်သလို ရှာကွ၊ မင်းတို့ ခန္ဓာကိုယ်ထဲမှာ ဒုက္ခမှတစ်ပါးဖြစ်နေတဲ့ တရားမရှိပါဘူးတဲ့။

နာညံဒုက္ခာနိရုဇ္ဈတိ၊ ဒုက္ခာ-ဒုက္ခကို **အညတြ**-ကျဉ်ထား၍ **နိရုဇ္ဈတိ**-ချုပ်သော တရားသည် နတ္ထိမရှိပါဘူး၊ ဒုက္ခချုပ်တာပဲရှိတယ်။

ဒါဖြင့် ဒုက္ခဖြစ်တာနဲ့ ဒုက္ခချုပ်တာ၊ ခင်ဗျားတို့ သန္တာန်မှာ၊ ဒါနဲ့ပဲနေရတော့ ဒါဖြင့် ဒီဟာကြီးကိုဖြင့် ဖြစ်တာလည်းဒုက္ခ၊ ပျက်တာလည်းဒုက္ခဆိုရင်ဖြင့် ဒကာသိုက်တို့

မောင်ပေါက်ကျော်တို့ ဘယ်မှာသာလျှင် အသိဉာဏ်ရှိတဲ့ပုဂ္ဂိုလ်၊ မကျွတ်ချင်စရာ ဘယ်မှာရှိမလဲ. . . (မရှိပါဘုရား)။

## ဆရာကပေးတဲ့အသိဉာဏ်

အဲဒီတော့ ဒီအသိဉာဏ်ကလေးသည် ကားဆိုလို့ရှိရင် ဆရာသမားပေးတဲ့အသိဉာဏ်၊ ခင်ဗျားတို့ကိုယ်တိုင် ယုံကြည်ပြီး သကာလ နာပါများလို့ရတဲ့၊ ဩော်. . . ဒုက္ခဖြစ်ပြီး ဒုက္ခပျက် နေတာမှတစ်ပါး၊ ဘာမှမရှိဘူးဆိုတဲ့အသိဉာဏ်ကလေး၊ ဒါကလေးသည် ဒုက္ခမြင်တဲ့ဉာဏ်ဖြစ်လေသောကြောင့် မဂ်ဉာဏ်ကလေး၊ ဝိပဿနာမဂ်ဉာဏ်ကလေးလို့ မစီတို့ မှတ်ရမယ်. . . (တင်ပါ့)။

ဝိပဿနာမဂ်ဉာဏ်နော်၊ အဲဒီတော့ ဝိပဿနာ မဂ်ဉာဏ်ဆိုလို့ရှိရင်ဖြင့် ဒီမဂ်ဉာဏ်ဟာ ဘာကိုမြင်သတုံးဆို တော့ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခကို မြင်တယ်၊ မောင်ပေါက်ကျော် ဘာမြင်သလဲ. . . (ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခကိုမြင်ပါတယ်ဘုရား)။

## နောက်ဘဝများ ဘာဖြစ်ချင်သေးသတုံး

ဖြစ်ဒုက္ခ ပျက်ဒုက္ခကိုမြင်တော့၊ မင်းတို့ဟော့၊ နောက်ဘဝများ၊ ဘာဖြစ်ချင်သေးသတုံးမေးလို့ရှိရင် ပယ်လိုက် ကြပြီ၊ ဖြစ်တာဒုက္ခလည်း သိပြီကော မဟုတ်ဘူးလား. . . (ဟုတ်ပါတယ်)။

နောက်ဘဝဘာဖြစ်ချင်သေးသတုံးဆိုတော့၊ ဘာဖြစ်ချင်သေးသတုံးဆိုတာလည်း လာရတော့မှာပဲ၊ အဲဒီတော့ ဘာမှ မဖြစ်ချင်၊ ဘာမှ မပျက်ချင်ပြောလို့ရှိရင်၊ အဖြစ်အပျက်လွတ်တဲ့နေရာသာလျှင်၊ ဒုက္ခသိမ်း၍ ငြိမ်းတဲ့နေရာလို့ ဆုံးဖြတ်ချက်ချလိုက်ပါတော့၊ အဖြစ်အပျက်မရှိတဲ့နေရာသည်သာလျှင် ဒုက္ခသိမ်း၍ ငြိမ်းတဲ့နေရာရှင်းပြီလား. . . (ရှင်းပါပြီ)။

## လူ့ခန္ဓာကြီးရတယ်

ခင်ဗျားတို့ အခု လူခန္ဓာလို့ သမုတိသစ္စာနယ်ကနေတဲ့ လူခန္ဓာကြီးရတယ်၊ လူခန္ဓာကြီးရတော့ လူလို့သာ ဆိုင်းဘုတ်ဆွဲပြီးသကာလနေတာ အတွင်းမှာ အဖြစ်ဒုက္ခနဲ့ အပျက်ဒုက္ခမှ တစ်ပါး ပိုက်ဆံရှိတဲ့လူကော၊ မရှိတဲ့လူကော၊ အလတ်စားရော အမွဲရောထူးကြသေးရဲ့လား . . . (မထူးပါဘူးဘုရား)။

ဖြစ်ဒုက္ခပျက်ဒုက္ခမှတစ်ပါး. . . (မရှိပါဘူး)၊ ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သင်္ခါရဒုက္ခကို ဟောထားလျက်သားပဲ. . . (တင်ပါ့)၊ သင်္ခါရဒုက္ခက အလုံးစုံ ဒုက္ခသာရှိတယ်ကွ. . . (မှန်ပါ့)။

မင်းတို့က ကြံဖန်ပြီး တောင်းမနေနဲ့. . . (မှန်ပါ့)၊ အကောင်းရွေးမနေနဲ့ မောင်ပေါက်ကျော် ကျေနပ်ပလား. . . (ကျေနပ်ပါပြီ)၊ မစီတို့က အကောင်းများရွေးချင်နေလား. . . (မရွေးချင်ပါဘူး)၊ ရှိကော ရှိရဲ့လား. . . (မရှိပါဘူး)။

## (၃၁)ဘုံထဲမှာ အကောင်းဆိုလို့မရှိ

အကောင်းရွေးချင်လို့ရှိရင်ဖြင့်တဲ့ အယုတ်တမာတရား ဝင်လာလို့သာ (၃၁)ဘုံထဲမှာ အကောင်းရွေးမှာပေါ့. . . (မှန်ပါ့)၊ အမှန်တရားဆိုတဲ့ ဝိပဿနာမဂ်ဉာဏ်သာ ဝင်လို့ရှိရင် (၃၁)ဘုံထဲမှာ အကောင်းဆိုလို့ မြူမှုမရှိဘူးလို့ မှတ်လိုက်ပါ . . . (တင်ပါ့)။

ဒါကြောင့် (၃၁)ဘုံမှာ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခဆိုတဲ့ ဒုက္ခသစ္စာချည့်ပဲ၊ အဲဒါဉာဏ်နဲ့မြင်ပြီးသကာလ အခုလေ့ခါးက တက်လာတဲ့ရုပ်နာမ်တွေ ဘာမှ ရှာမတွေ့ဘဲနဲ့ အသစ်နဲ့ အသစ် ဒုက္ခကြီးနဲ့ ထိုင်နေရတာ. . . (တင်ပါ့)။

အသစ်ဒုက္ခကြီးကလည်း၊ ခဏခဏပဲ ပျက်နေတယ် ဆိုတာတော့ အခုဉာဏ်နဲ့ ကြည့်လိုက်တော့၊ ဒီဒုက္ခဝဋ်မှ ကျွတ်ချင်လွန်းလို့ ဒီဆရာသမားကို ဒီသံဃာတွေကို လျှုတန်းတဲ့ သဘောပဲဆိုတော့ ဒုက္ခမြင်လို့ ဒုက္ခကြောက်လို့ ဒုက္ခရွံလို့ လျှုတဲ့ အလှူလို့ ဆုံးဖြတ်ချက်ချ. . . (မှန်လှပါဘုရား)၊ သဘောကျပြီ လား. . . (ကျပါပြီဘုရား)။

## အခုမြင်တဲ့ဉာဏ်ကပို့ဓေသတည်း

မစီ ဘာလုပ်ဖို့ လျှုတဲ့အလှူလဲ. . . (ဒုက္ခကြောက် လို့ပါ)၊ ဒုက္ခရွံလို့၊ ဒုက္ခရွံမုန်းပြီး၊ ဒုက္ခကြောက်လွန်းလို့၊ ဒုက္ခ

ကျွတ်လွတ်တဲ့နေရာဌာနကို တပည့်တော်အခုမြင်တဲ့ဉာဏ်က ပို့ပါစေသား၊ ပို့စေသတည်း။

ခင်ဗျားတို့က ဆုမတောင်းပါနဲ့၊ ဒုက္ခမြင်တဲ့ဉာဏ်ကိုက ခင်ဗျားတို့ ဆုမတောင်းလည်းပို့မှာပဲ. . . (ပို့မှာပါဘုရား)၊ ဒါကြောင့် ခင်ဗျားတို့ လှူတဲ့အလှူသည်၊ ဒုက္ခမြင်တဲ့ဉာဏ်နဲ့ လှူတဲ့အလှူဖြစ်လေသောကြောင့် ဝိပဿနာမဂ်ဉာဏ်နဲ့၊ လှူတဲ့ အလှူဖြစ်လေသောကြောင့် အရိယာအလှူ. . . (တင်ပ့ါ)။

## အရိယာတို့၏အလှူ

ကဲ. . . မခြုံ၊ ဘယ်သူ့အလှူတုံး. . . (အရိယာအလှူပါ)၊ အရိယာတို့၏အလှူ အရိယာတို့၏အလှူဖြင့် ဘယ်ဝဋ်မှ မလာတော့ဘူး၊ ဝိပါကဝဋ်၊ ကိလေသဝဋ်၊ ကမ္မဝဋ်ဆိုတဲ့ ဝဋ် (၃)ပါးကျွတ်တဲ့အလှူလို့ မစီ သေသေချောချာ မှတ်ရမယ် . . . (မှန်လှပါဘုရား)။

ဝဋ် (၃)ပါးကျွတ်တဲ့အလှူအတန်းရှိမှ ရခဲတာကို ဒကာသိုက်ရ၊ ဒီအလှူမျိုးက. . . (တင်ပ့ါ)၊ လှူရခဲပါတယ်တဲ့ ဝဋ်သုံးပါးကျွတ်တဲ့အလှူ ကောင်းပြီ ဒါဖြင့် ဝဋ် (၃)ပါးက ဒုက္ခသစ္စာ၊ ကျွတ်ချင်တဲ့ဉာဏ်က မဂ္ဂသစ္စာ . . . (မှန်ပ့ါ)။

## မဂ္ဂသစ္စာနဲ့လျှတဲ့အလျှ

ဩော်. . . ဒါဖြင့် ဒီဉာဏ်ဦးစီးပြီးလျှတော့ကို မဂ္ဂသစ္စာနဲ့လျှတဲ့ အလျှုဖြစ်လေသောကြောင့် ခင်ဗျားတို့ နိဗ္ဗာန်မဂ္ဂတိဂဝေတီတိမဂ္ဂေါ နိဗ္ဗာန်ဂစ္ဆတီတိမဂ္ဂေါဆိုသဖြင့် ခင်ဗျားတို့အခုမြင်တဲ့ဉာဏ်ကလေး ဒီဉာဏ်နဲ့ အလျှုဖြစ်လေသောကြောင့် ခင်ဗျားတို့ အလျှုသည် ဒုက္ခခပ်သိမ်းကင်းငြိမ်းတဲ့ နိဗ္ဗာန်မှတစ်ပါး၊ ဘယ်မှသူရွက်ဆောင်၍ မသွားတော့ဘူးလို့ သေသေချာချာယုံကြည်လိုက်ပါ. . . (မှန်ပါ့)။

## ဒုက္ခငြိမ်းချင်တဲ့အလျှုမို့ အဖိုးတန်တယ်

သေသေချာချာယုံကြည်လိုက်ပါ၊ ဒုက္ခငြိမ်းချင်တဲ့ အလျှုကိုဗျ. . . (မှန်လှပါဘုရား)၊ တယ်အဖိုးတန်ပါလား. . . (တန်ပါတယ်)။

အဲဒီတော့ကာ၊ ဝိပဿနာဉာဏ် မဂ်ဉာဏ်ဦးစီးပြီးသကာလ လျှုတဲ့အလျှုဖြစ်မလေသောကြောင့်၊ ဉာဏ်သည် မဂ္ဂသစ္စာ. . . (မှန်ပါ့)၊ အဲဒီမဂ္ဂသစ္စာနဲ့ ဒုက္ခဖြတ်တာသည် ခင်ဗျားတို့ဉာဏ်မိုလို့ဖြတ်လို့ရတာ။

အခြားသဘောနဲ့ ပြတ်ပါတယ်ဆိုတာ မဟုတ်ပါဘူး၊ ဉာဏ်နဲ့မြင်လိုက်တော့မှ ပြတ်တာ၊ ဉာဏ်နဲ့မြင်လိုက်တော့မှ

ပြတ်ပြီးသကာလ လာတော့၊ ကြည့်စမ်းပါလား၊ လှေခါးက ဆရာဘုန်းကြီးကို သက်န်းကပ်မလို့ တက်လာတာတောင်မှ စိတ်တွေဟာ ဒုက္ခရောက်ပြီးသကာလ၊ အခု အစားထိုးကြီးနဲ့ သင်္ကန်းကပ်နေရတယ်ဆိုတာ ကိုပေါက်ကျော် လွဲရဲ့လား. . . (မလွဲပါဘုရား)။

မလွဲတော့ မင်းတို့သည် ဒါကြီးမှ ဒီသေခါနီးဘဝမှာ ခဏခဏသေတဲ့ဘဝကိုမှ မကျွတ်ချင်လို့ရှိရင် မင်းတို့လောက် အတာ၊ မင်းတို့လောက်ရူးတာ ဒကာသိုက် မရှိတော့ဘူး . . . (မရှိတော့ပါဘုရား)။

## နောက်ဖြစ်ချင်ရင် သေချင်သေးလို့

နေ့တိုင်းဖြစ် အခါခါသေလာတာချည့်ပဲဥစ္စာ၊ နောက်များ ဘာဖြစ်ချင်တယ်ဆိုရင် သေချင်သေးလို့မှတစ်ပါး၊ ဘာမှ ဆရာဘုန်းကြီးဟောစရာမရှိဘူး. . . (မှန်ပါ့)၊ ရိပ်မိကြပလား . . . (ရိပ်မိပါပြီ)။

ဒါဖြင့် မောင်ပေါက်ကျော် အသေလွတ်နေရာကို ရောက်ပါရစေဆိုတဲ့ဥစ္စာ၊ အသေမြင်တဲ့ပုဂ္ဂိုလ်က အသေလွတ် ကိုကြိုက်တယ်၊ အသေမမြင်တဲ့ပုဂ္ဂိုလ်က အသေလွတ်ကြိုက် တယ်ဆိုတာ၊ အလကားပြောတာ. . . (မှန်ပါ့)၊ အလကား ပြောတာ။

## ဝဋ်ကျွတ်ချင်တဲ့အလှူမပါတာများတယ်

ဒါကြောင့် အလှူပေါင်းတစ်ထောင်၊ အလှူပေါင်းတစ်သိန်းမှာ ခင်ဗျားတို့ဝဋ်ကျွတ်ချင်တဲ့အလှူ မပါဘူးလို့ ဆရာဘုန်းကြီးပြောတာ အသေအချာမှတ်. . . (မပါပါဘူး ဘုရား)။

ခင်ဗျားတို့နောက်က လှူခဲ့တန်းခဲ့တာတွေပေါ့ဗျာ၊ အလှူပေါင်းတစ်ထောင်၊ အလှူပေါင်းတစ်သောင်းမှာ ယခုလို ခန္ဓာကြီး ဉာဏ်ရောက်ပြီး၊ ဟောဒီလိုတွေ့ရတဲ့ ဝိပါကဝဋ်၊ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခဆိုတဲ့ ဒုက္ခဝဋ်ကြီးမှ ယခုတပည့်တော်မြင်တဲ့ ဉာဏ်နဲ့ ယခုကျွတ်ချင်လို့ ယခုလှူတာပါဘုရား၊ အဲဒီဝဋ်ကျွတ်ချင်လို့ သက်န်းကပ်တာဆိုတော့ ခင်ဗျားတို့ ဉာဏ်ဦးစီးတဲ့အလှူ ဆိုတာ မသေချာဘူးလား. . . (သေချာပါတယ်)။

ဒါဖြင့် ဒီဉာဏ်သည် ကားလို့ဆိုလို့ရှိရင်၊ မဂ္ဂပစ္စယောလို့ မှတ်လိုက်. . . (တင်ပါ့)၊ မောင်ပေါက်ကျော်၊ မဂ္ဂပစ္စယော. . . (မှန်ပါ့)၊ မစီ ဘာတဲ့လဲ. . . (မဂ္ဂပစ္စယောပါဘုရား)။

## ဝဋ်ထဲကထွက်မြောက်အောင်သူကပို့ပေးမယ်

မဂ္ဂပစ္စယော-ဝဋ်မှ ထွက်မြောက်ကြောင်းဖြစ်အောင် ကျေးဇူးပြုမှာပဲ၊ ဟော. . . မဂ္ဂပစ္စယော-ဝဋ်မှ ထွက်မြောက် ကြောင်းဖြစ်အောင်ရွက်ဆောင်မယ်၊ ခင်ဗျားတို့ အခုဝိပဿနာ

ဉာဏ်လေးဦးစီးပြီး လှူတဲ့အလှူက ဝဋ်ထဲကထွက်မြောက် အောင် သူပို့ပေးပါမယ်တဲ့. . . (တင်ပါ့)။

ခင်ဗျားတို့မှာရှိတဲ့ ဝိပဿနာဉာဏ်ကလေးက၊ ခင်ဗျားတို့ ရှုတဲ့ ဝိပဿနာဉာဏ်ကလေးက၊ ဝဋ်ထဲကထွက်မြောက်အောင် သူပို့ပေးပါမယ်လို့ တာဝန်ယူပါတယ်. . . (တင်ပါ့)။

ဘာဖြစ်လို့တာဝန်ယူသလဲလို့ ဆရာဘုန်းကြီးက ဘာဖြစ်လို့ ပရမတ်က တာဝန်ယူသတုံးလို့မေးတဲ့အခါကျလို့ရှိရင်ဖြင့်တဲ့ ခင်ဗျားတို့စဉ်းစားကြည့်ပါ၊ ငရဲရောက်အကြောင်းတွေကြောင့် ပို့ပေးပါလို့ခိုင်းရသလား၊ အကုသိုလ်ကံတွေက ပို့လိုက်တာလား . . . (အကုသိုလ်ကံတွေက ပို့လိုက်တာပါ)။

ခင်ဗျားတို့ ပို့ပေးပါလို့ခိုင်းလို့လား. . . (မခိုင်းပါဘူး)၊ သူ့ကို သူ့ဝမ်းထဲကိန်းနေတဲ့၊ ဒီအကုသိုလ်ဝမ်းထဲကိန်းနေတာ၊ ဒီအကုသိုလ်ကပဲ ပို့လိုက်တာ. . . (မှန်ပါ့)။

## ဝဋ်ကျွတ်တဲ့နိဗ္ဗာန်ပဲပို့မယ်

အခုမဂ္ဂပစ္စယောဆိုတဲ့ ဖြစ်ဒုက္ခ ပျက်ဒုက္ခ မြင်နေတဲ့ ဉာဏ်ကလည်း ထွက်မြောက်ကြောင်းတရား ဖြစ်လေသော ကြောင့် ဝဋ်မှထွက်မြောက်ကြောင်း တရားဝမ်းထဲကိန်းနေသော ကြောင့်၊ ဟော့. . . မင်းဘယ်ပို့ပေးလို့ ခိုင်းဖို့လိုသေးသလား . . . (မလိုပါဘူး)၊ ဝဋ်ကျွတ်တဲ့နိဗ္ဗာန်ပဲပို့မယ်. . . (တင်ပါ့)။

အကုသိုလ်လုပ်တော့ ဆုမတောင်းဘဲနဲ့ အကုသိုလ်က ပို့လိုက်သလို၊ ဒီမှာလည်း ဒုက္ခသစ္စာကို ဖြစ်ဒုက္ခ ပျက်ဒုက္ခကြီး ကို မြင်နေတဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ လျှုတဲ့အလှူက မြင်တဲ့ဉာဏ်ကလေးက ဝမ်းထဲမှာ ကိန်းပြီးနေသောကြောင့် သူက မဂ္ဂပစ္စယောဖြစ်သွားတယ်. . . (တင်ပါ့)၊ သဘောကျ ပလား. . . (ကျပါပြီ)။

## မောင်မင်းကြီးက ဘယ်များပို့မှာတုံး

မဂ္ဂပစ္စယောဆိုတော့ ဒီဝဋ်မှ ထွက်မြောက်ရာကိုသာ လျှင် သူကပို့တတ်တဲ့တရား. . . (တင်ပါ့)၊ အဲဒီတော့ ကိလေသ ဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ဆိုတော့ ဝဋ်သုံးပါးမှ ကျွတ်ရာလွတ်ရာ ကို ပို့တတ်တဲ့တရား၊ အခုဝမ်းထဲမှာရှိနေသောကြောင့် မောင်မင်းကြီး ဘယ်ပို့မှာတုံးလို့ မေးမနေနဲ့. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)။

**ကောယနောအယံ ဘိက္ခဝေ မဂ္ဂေါ** ဘိက္ခဝေ-ရဟန်းတို့ **အယံမဂ္ဂေါ**၊ မင်းတို့ ဖြစ်ဒုက္ခ ပျက်ဒုက္ခတို့ကို မြင်တဲ့မဂ်သည်၊ **ကောယနော** တစ်ကြောင်းတည်းနှင့် နိဗ္ဗာန်ပို့၏. . . (မှန်ပါ့)၊ မဟောဘူးလား. . . (ဟောပါတယ်)။

အဲဒါ ဒီလောက်သေချာနေတော့၊ ဩော်. . . တို့ ဆရာဘုန်းကြီးက အခုလမ်းပြနေတယ်၊ တို့အလှူသည်ကား

ဆိုရင်၊ သူများအလှူ (၁၀)သိန်းကုန်လှူတဲ့ အလှူတွေနဲ့တောင် မတူသေးပါလား။

(၁၀)သိန်းကုန်က အခြားကုသိုလ်တွေ သိန်းပေါင်း (၁၀)၊ သိန်းပေါင်း (၂၀)တွေမှာ အကုသိုလ်ကပါနေတာ၊ ဝိတက်တွေကပါမယ်၊ ခန္ဓာဉာဏ်ရောက်ကမပါဘူး။

## ကုန်ကူးတစ်မျိုး

မပါတော့ ဟိုဥစ္စာက ပိုင်းခြားကုန်ကူးတစ်မျိုးလို့ မှတ်လိုက်တာပေါ့၊ မဏ္ဍပ်ကြီးဆောက်ပြီးသကာလ ဘဝကို တောင့်တပြီးလှူတဲ့အတွက် မစီ ကုန်ကူးတစ်မျိုးပဲ. . . (တစ်မျိုးပါဘုရား)။

ပွဲရုံကြီး ခင်ဗျားတို့အိမ်မှာ ဆောက်ထားကြတာပဲ၊ ဒါကုန်ကူးတာတစ်မျိုးပဲ. . . (ကုန်ကူးတာတစ်မျိုးပါ)၊ ဟိုမဏ္ဍပ်ကြီးဆောက်ပြီး ကူးတာကော. . . (ကုန်ကူးတာတစ်မျိုးပါ)၊ ကုန်ကူးတာတစ်မျိုးပဲဆိုတာ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

အဲဒါတွေ ကုန်ကူးတစ်မျိုးဆိုတဲ့ဥစ္စာ၊ ဒါဝမ်းမြောက်လို့ရှိရင်ကွာ လူခန္ဓာအဖြစ်မှ နတ်ခန္ဓာအဖြစ်နဲ့ ရအောင်လို့ ကုန်ကူးလိုက်တာ. . . (မှန်ပါ့)၊ လူခန္ဓာအဖြစ်မှ ဗြဟ္မာခန္ဓာအဖြစ်ကြီးရအောင်လို့ ကုန်ကူးလိုက်တာ. . . (မှန်ပါ့)။

## တဏှာခိုင်းတဲ့အလုပ်

ဤကဲ့သို့ကုန်ကူးတဲ့အလုပ်ဖြစ်လေသောကြောင့်၊ အဲဒါ သည်ကားလို့ဆိုလို့ရှိရင်ဖြင့် ဉာဏ်အလုပ်လား လိုချင်လို့လုပ်တဲ့ အလုပ်ဖြစ်လေသောကြောင့်၊ တဏှာအလုပ်လားဆိုတာ မေးကြည့်ပါအုံး. . . (တဏှာ့အလုပ်ပါ)။

အမယ်လေး ဒါလှူတာတဲ့၊ တဏှာခိုင်းတဲ့ အလုပ် လုပ်ပေးတယ်၊ လှူတယ်လို့လည်း လုပ်သေးရဲ့၊ ခင်ဗျားတို့ မှုသားဖြစ်တယ်. . . (မှန်ပါ့)၊ သေသေချာချာဖြစ်တယ်၊ သေသေချာချာဖြစ်တာပေါ့၊ ခိုင်းတာက တဏှာနော်. . . (မှန်ပါ့)။

## လှူတာလုပ်ပြီးဖိတ်တယ်

ခိုင်းတာက တဏှာက ခိုင်းတဲ့ဥစ္စာ၊ ခင်ဗျားတို့က ဖိတ်တာ လှူတာလုပ်ပြီး ဖိတ်တယ်. . . (မှန်ပါ့)၊ မောင်ပေါက်ကျော် ရှုံးများရှုံးသလားကွ. . . (မှန်ပါ့)၊ မရှုံးဘူးလား. . . (ရှုံးပါတယ် ဘုရား)၊ မစီရေ ရှုံးတဲ့ပုံများကိုတော့ မပြောပါနဲ့တော့. . . (မှန်ပါ့)။

## ဆေးကုလို့မရတဲ့အရှုံးမျိုး

အေး. . . ရှုံးလိုက်တာက၊ တန်းကြီးထဲကပေါ့ဗျာ၊ အရှုံးတန်းအကြီးထဲကကျနေတာ၊ ဆေးကုလို့မပျောက်တဲ့အရှုံး

မျိုးထဲကဖြစ်နေတယ်. . . (မှန်ပါ့)၊ အဲဒီတော့ကို တဏှာခိုင်းတာလည်းလုပ်သေးရဲ့၊ အလှူကြွပါလို့လည်း ဖိတ်သေးရဲ့၊ သာဓုခေါ် ရအောင်လို့ ဖိတ်လိုက်သေးတယ်၊ အတူတကွတရားနာရအောင်လည်း ဖိတ်လိုက်သေးတယ်ဆိုတော့၊ ခိုင်းတဲ့အလုပ်က ကုန်ကူးအလုပ်. . . (မှန်လှပါဘုရား)။

## ရမ်းတောင်းမှန်းတောင်း

နိဗ္ဗာန်ဆိုတာက၊ ခင်ဗျားတို့က၊ ခင်ဗျားတို့လည်း ရောက်ဖူးတာမဟုတ်ဘူး. . . (မရောက်ဘူးပါဘုရား)၊ မရောက်ဘူးတဲ့ဟာ၊ ဆရာသမားကလည်း နိဗ္ဗာန်တောင်းလိုက်၊ နိဗ္ဗာန်တောင်းလိုက်ဆိုလို့သာ တောင်းတာ. . . (မှန်ပါ့)။

အဲဒီတော့ ခင်ဗျားတို့သည် ရမ်းတောင်းမှန်းတောင်း . . . (မှန်ပါ့)၊ ရမ်းတောင်းမှန်းတောင်းဆိုသဖြင့် ခင်ဗျားတို့ဟာ၊ ရမှာလည်းမဟုတ်. . . (မှန်ပါ့)၊ ဟုတ်ဘူးလား။

ဒီဒုက္ခကြီးကျွတ်ချင်လို့ဆိုတော့ဖြင့်၊ ဒီဒုက္ခကို ကိုယ်တိုင် မမြင်လား. . . (မြင်ပါတယ်)၊ ဒါဖြင့် ဒုက္ခကျွတ်တာကို ဘာခေါ်ကြမလဲ၊ နိဗ္ဗာန်. . . (နိဗ္ဗာန်ပါဘုရား)၊ ဒါဖြင့် ဒုက္ခတော့ အမြင်သားပေါ့ဗျာ. . . (မှန်ပါ့)။

အဲဒီတော့ ပုထုဇဉ်ဉာဏ်နဲ့တော့ နိဗ္ဗာန်မမြင်ဘူးတဲ့၊ မှန်းဆပြီးသာ သူပြောနေတာ၊ ဒုက္ခကျွတ်ရပါလို၏ဆိုမှ ကိုယ့်

ဒုက္ခကိုယ်မြင်လို့ ကျွတ်ချင်တာသေချာတယ်. . . (သေချာပါတယ်)၊ သေချာကြတော့ ဒါနီဗ္ဗာန်ရတာပဲမဟုတ်လား. . . (ရပါတယ်)။

## ဉာဏ်ကဒုက္ခကျွတ်ချင်တယ်

ဒါဖြင့် ဒီဖြစ်ဒုက္ခ ပျက်ဒုက္ခကြီးမှ တပည့်တော်တို့သည် သက်န်းကပ်တယ်၊ သံဃာတွေကို ဆွမ်း အလှူအတန်း လှူတဲ့ အလှူသည် ဒုက္ခကြီးမှ ကျွတ်ခြင်း လွတ်ခြင်းကို တပည့်တော်တို့သည် တကယ်မြင်လို့ ကျွတ်အောင် လွတ်အောင် လုပ်တဲ့ ဉာဏ်နဲ့ စွန့်ခြင်း၊ ကြခြင်း၊ ပေးကမ်းခြင်း ဖြစ်ပါတယ်ဘုရား ဆိုတော့ ဘာတောင့်တသေးသလဲ. . . (ဘာမှမတောင့်တပါဘုရား)။

ဒါဖြင့် ဒုက္ခကျွတ်ချင်တာတစ်ခုဆိုတော့၊ ဒါဉာဏ်စခန်း သက်သက်ပဲ. . . (မှန်ပါ့)၊ တဏှာနည်းနည်းမှ မပါဘူး. . . (မပါပါဘူး)၊ မပါဘူး၊ မပါဘူး။

## တဏှာကဒုက္ခပေးတယ်

တဏှာနည်းနည်းမှ မပါဘူး၊ ဒုက္ခကျွတ်ချင်တာ၊ တဏှာကတော့ ဒုက္ခပေးသမားကို. . . (မှန်လှပါ)၊ ဉာဏ်ကတော့ ကျွတ်ချင်သမား. . . (မှန်ပါ့)။

ဒါဖြင့် ဒုက္ခကျွတ်ချင်တဲ့ အလှူပွဲဖြစ်လေသောကြောင့် မစီတို့ မောင်ပေါက်ကျော်တို့ အားကြီးအဖိုးတန်တယ်. . . (မှန်ပါ့ဘုရား)၊ အားကြီးအဖိုးတန်သွားပြီ၊ မင်းတို့ကတော့ သားရှင်ပြုတုန်းကတော့ ဘယ်လောက်ကုန်ခဲ့တယ်ဆိုတာကို ငါသာဝုမခေါ် ပါဘူး၊ မစီ သာဝုမခေါ်လို့ ဝမ်းနည်းသလား. . . (မနည်းပါဘူး)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မသိမလိမ္မာသေးခင်က မှားပြီးသကာလထားတဲ့အပြစ်တွေကတော့ မောင်ပေါက်ကျော် မနည်းလှဘူး. . . (မနည်းပါဘုရား)၊ မနည်းဘူးနော်. . . (မနည်းပါဘုရား)။

အဲဒါကြောင့် ယခုတော့ဖြင့် ဖြစ်ဒုက္ခ ပျက်ဒုက္ခကြီး၊ ကာယိကဒုက္ခစေတသိက ဒုက္ခကြီး၊ နောက်လာလတ္တံ့ဖြစ်တဲ့ ဇာတိဒုက္ခကြီး၊ ဇရာဒုက္ခကြီး၊ ဗျာဓိဒုက္ခကြီး၊ မရဏဒုက္ခကြီး ညနေက ဟောတဲ့အတိုင်း သူသေကောင်ထမ်းတဲ့အလုပ်ကြီး . . . (မှန်ပါ့)။

ညနေက သူသေကောင်ထမ်းရတယ်ဆိုတာ၊ မစီတို့ ကြားလိုက်တယ်. . . (ကြားပါတယ်ဘုရား)၊ မောင်ပေါက်ကျော်လည်း ကြားလိုက်တယ်. . . (ကြားပါတယ်ဘုရား)။

## မိုက်တာကပါလိုက်သေးတယ်

အေး. . . အဲဒါကြီးကိုမှ ဆုတောင်းသွားယူတဲ့ပုဂ္ဂိုလ် ဟာ အရူးနဲ့အမိုက်နှစ်ခုစလုံး စုံလို့ဖြစ်လိမ့်မယ်. . . (စုံလို့ပါ ဘုရား)၊ အရူးချည့်သက်သက်လည်း သွားမတောင်းဘူး. . . (မှန်ပါ့)၊ မိုက်တာကလည်း ပါလိုက်သေးတယ်. . . (ပါပါတယ် ဘုရား)။

ဒါဖြင့် ဒွန်းစဏ္ဍား၊ သုဘရာဇာအဖြစ် ဆုတောင်း ယူတာ မစီရေ့၊ ရှက်စရာကောင်းတယ်၊ ငွေလည်းကုန်သေး တယ်၊ မသာလည်းထမ်းရသေးတယ်၊ မောင်ပေါက်ကျော် ဘာဖြစ်ကြ တာလဲ. . . (အရူးထတာပါဘုရား)။

အရူးထတာ၊ ဒေါ် ရွှေ ဘာဖြစ်နေသလဲ. . . (အရူးမိုက် ပြနေတာပါဘုရား)၊ ရူးမိုက်ဖြစ်နေတာ၊ အဲဒါကတော့ ယခုလို ဆရာကောင်း၊ သမားကောင်းနဲ့ ကြုံမှသာလျှင် အရူးမှန်းသိ အမိုက်မှန်းသိတာဗျာ။

## အလောင်းပြောင်းထမ်းတာ

အမလေး၊ နို့မို့လို့ရှိရင် ခင်ဗျားတို့က ကျုပ်တို့တော့ ပူစရာမရှိဘူးတဲ့၊ နောက်ဘဝဆိုရင် ကောင်းစားဖို့သာရှိတယ်၊ သူကောင်းစားတာက မသာတုံးကြီး. . . (မသာတုံးကြီးပါ ဘုရား)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

သူကောင်းစားတာ ဘာပါလိမ့်. . . (မသာတုံးကြီးပါ)၊

အလောင်းပြောင်းထမ်းတာ၊ မစီ ထမ်းချင်သေးသလား. . . (မထမ်းချင်ပါဘူးဘုရား)၊ ရှက်ကြပါတော့ဗျာ၊ မောင်ပေါက်ကျော်ကော. . . (တင်ပ့ါ)၊ ရှက်ကြပါတော့၊ ကြောက်လည်းကြောက်ပါတော့ဗျာ။

## မသာကြီးများထမ်းချင်သေးသလား

မသာကြီးများထမ်းချင်သေးသလားလို့ မေးတဲ့အခါမေးကြည့်၊ မမေးဘူးလား. . . (မေးပါတယ်ဘုရား)၊ နတ်ခန္ဓာဆိုတာက၊ လူခန္ဓာထက်ကြီးတယ်။ အဲဒီတော့ လူခန္ဓာထက်ကြီးတယ်ဆိုတော့၊ ခင်ဗျားတို့နတ်ပြည်ရောက်သွားတော့ ဘာထမ်းရမှာတုံး . . . (နတ်ခန္ဓာထမ်းရမှာပါဘုရား)။

နတ်ခန္ဓာဆိုတော့ မသာသေးလား၊ မသာကြီးလား . . . (မသာကြီးပါဘုရား)၊ တော်လောက်ပြီထင်တယ်၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)၊ တော်လောက်ပြီထင်တယ် မစီရ. . . (မှန်ပ့ါ)၊ တော်လောက်ပါပြီ၊ ခင်ဗျားတို့က ဂုဏ်မယူပါနဲ့တော့ . . . (မှန်ပ့ါ)။

## ဂုဏ်မယူပါနဲ့တော့

ဂုဏ်မယူပါနဲ့တော့ မသာကြီးများဖြစ်ချင်သေးသလား . . . (မဖြစ်ချင်ပါဘူး)၊ ပြဟ္မာဆိုတော့ကို၊ ခုနကပြောတဲ့ ဒီကနေကျောက်ဆည်လောက်ရှိပါတယ်၊ ဆိုတာပေ့ါဗျာ သူ့ခန္ဓာကိုယ်

ကြီး၊ တစ်ယောက်တစ်ယောက်ခန္ဓာကိုယ်ကြီး၊ အဲ. . . ဗြဟ္မာ ဖြစ်ချင်တော့ ဗြဟ္မာခန္ဓာကိုယ်ကြီးကလည်း အသုဘပဲ မဟုတ်လား. . . (မှန်ပါ့)။

အသုဘကြီးဖြစ်ပြီးသကာလ၊ အသုဘ ဒုက္ခသစ္စာကြီး မဟုတ်လား၊ အဲဒီအသုဘဒုက္ခသစ္စာကြီးနဲ့ထမ်းရမှာတော့ တပည့်တော်တို့ကြောက်လွန်းလို့ဘုရား. . . (မှန်ပါ့)။

## ဉာဏ်နဲ့ခန္ဓာကိုယ်ကြည့်

မသာထမ်းဘဝမှလွတ်အောင်၊ ဒုက္ခကြီးတည်းဟူသော၊ ခန္ဓာဝန်ကြီးထမ်းရတဲ့ဘဝမှ ကျွတ်အောင်၊ လွတ်အောင်လို့၊ ယခုကဲ့သို့ သက်န်းကပ်ပြီးသကာလ၊ ကျွတ်လိုလွတ်လိုသော၊ ဉာဏ်နဲ့ကို၊ တကယ်ကပ်တာပါဘုရားလို့ဆိုတာ ဉာဏ်နဲ့ကို၊ ခန္ဓာကိုယ်ကြည့်လိုက်ပါ. . . (မှန်ပါ့)။

ကြည့်လိုက်တဲ့အခါကျတော့၊ ခန္ဓာကိုယ်ထဲကြည့်စမ်း၊ အသုဘတွေ၊ ကျင်ကြီးရှိရဲ့လားလို့၊ ခင်ဗျားတို့ဝမ်းပိုက်ထဲမေးရင် ဘယ်နှယ်ဖြေကြမလဲ. . . (ရှိပါတယ်ဘုရား)။

ကျင်ငယ်ရှိရဲ့လား. . . (ရှိပါတယ်ဘုရား) သွေး၊ ပြည်၊ သလိပ်တွေကော. . . (ရှိပါတယ်ဘုရား) အမယ်. . . ဒါကြီး ထမ်းပြီး ဒီကျောင်းပေါ်တက်လာခဲ့ကြတာပေါ့. . . (တင်ပါ့)၊ ဒါကြီးထမ်းပြီး ဒီကျောင်းပေါ်တက်လာခဲ့ကြတယ်၊ ဩော် . . .

ခင်ဗျားတို့သည် ကားလို့ဆိုရင် ကျောင်းကတော့ အသက်မရှိလို့ သာ နိဗ္ဗာန်ကတော့ဖြင့်၊ ဒီလိုလူလက်မခံဘူး. . . (လက်မခံပါ ဘုရား)၊ အသုဘကိုးဗျ. . . (မှန်ပါ့)၊ အသုဘကိုး၊ ဒုက္ခသစ္စာကိုး၊ လက်ခံပါ့မလား. . . (လက်မခံပါဘုရား)။

ဒါကြောင့် နိဗ္ဗာန်ကို ခင်ဗျားတို့က သေသေချာချာ မှတ်ပါ၊ ခန္ဓာဇာတ်သိမ်းပုံ ဇာတ်သိမ်းချက်. . . (မှန်လှပါ)၊ အသုဘခန္ဓာကြီးပါသွားလို့ တော်ပါ့မလား. . . (မတော်ပါဘူး)။

## နိဗ္ဗာန်မှာ ဘာခန္ဓာမှမရှိဘူး

ဒါကြောင့် နိဗ္ဗာန်ဘာခန္ဓာရှိသတုံးလို့၊ ဒကာသိုက်က မေးမေး၊ မောင်ပေါက်ကျော်ကမေးမေး၊ ဒေါ်ရွှေတို့ကမေးမေး၊ မစီတို့က မေးမေး၊ မေးချင်တာကမေး၊ ဘာခန္ဓာမှမရှိဘူးမှတ်ပါ . . . (မှန်ပါ့)၊ ရှိရင် အသုဘရှိနေဦးမှာပဲ. . . (မှန်ပါ့)။

အသုဘရှိရင် မသာထမ်းဘဝက ကျွတ်ပြီလို့ ဆိုလို့ ရလား. . . (မရပါဘုရား) အဲဒါကြောင့် တပည့်တော်တို့ ဘုရား၊ ယခု ဆရာ ကောင်းသမားကောင်းလမ်းညွှန်တဲ့အတွက် ဤကျွတ်ခြင်း လွတ်ခြင်းကိုဖြင့်၊ မုချကျက်သရေမင်္ဂလာမရှိတဲ့ အသုဘခန္ဓာ၊ ဒုက္ခသစ္စာကြီးဖြင့် ကျွတ်လိုလွတ်လိုသော ဆန္ဒပြင်းပြပြီး၊ သူ့ကိုရွံ့လွန်းလို့ ဟောဒါကြီးကိုဖြင့် အခုချလို့ရှိ ရင်ဖြင့်၊ အခုသည်ဉာဏ်နဲ့ အခုချလို့ရလို့ရှိရင်ဖြင့်၊ အခုချချင်

တဲ့ဉာဏ်နဲ့၊ ဆရာသမားသက်န်းကပ်ပါတယ် ဘုရားလို့ပြောင်းလိုက်။

အခုချလို့ရှိရင် အခုဖြတ်ကြည့်ဟုတ်ဖူးလား . . . (မှန်ပါ့)၊ သို့သော်လည်းတဲ့ အခုချချင်လို့ရှိရင် အခုချချင်တဲ့ ဉာဏ်နဲ့ပဲ လျှပါတယ်ဆိုတော့ ချမရတာက ခင်ဗျားတို့။

## ဝိပါကဝဋ်ကောင်

ဘာဖြစ်လို့ ချမရသေးသတုံးဆိုတော့ ဝိပါကဝဋ်ကောင်၊ ဝဋ်မကျွတ်သေးဘူး. . . (ဝဋ်မကျွတ်သေးပါဘုရား)၊ သဘောကျပလား. . . (ကျပါပြီ)။

ဘာကောင်တုံးခင်ဗျားတို့. . . (ဝိပါကဝဋ်ကောင်ပါ)၊ ဝဋ်ကောင် ဝဋ်မကျွတ်သေးတော့၊ ဘာနဲ့တူနေသတုံးဆိုတော့၊ နေ့လည်ကဘဲ ပုံရိုင်းရိုင်းနဲ့နှိုင်းလိုက်တယ်. . . (မှန်ပါ့)။

ခွေးတွေဟာလည်ပင်းပြတ်လောက်အောင် အနာကြီးပေါက်နေတယ်။ ခင်ဗျားတို့က ကြည့်လိုက်တော့၊ မောင်ပေါက်ကျော်တို့ကကြည့်လိုက်တော့ မစီတို့ ဒေါ်ရွှေတို့ကကြည့်လိုက်တဲ့အခါကျတော့၊ ဒီခွေးသေလည်းမသေနိုင်ဘူး ဝဋ်ကြီးလိုက်တာ။

## အသုဘကြီးနဲ့အထမ်းသမား

အနာနဲ့သူနဲ့ ခွဲမရရှာပဲကိုး. . . (မှန်ပ့ါ)၊ ခွေးနဲ့အနာနဲ့ ခွဲရရဲ့လား. . . (မရပါဘူး)၊ လူမှာကတော့ အသုဘကြီးနဲ့ အထမ်း သမားနဲ့ခွဲရသလား. . . (မရပါဘူး)၊ ခွေးအနာကြီး လိုပဲ ဝဋ်ကြီးနေလိုက်တာ ခင်ဗျားတို့မှာ၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

မောင်ပေါက်ကျော်၊ မင်းဘဝကသေးသလား . . . (မသေးပါဘုရား)၊ မသေးဘူးကွ၊ ခွေးအနာသာမင်းတို့က မြင်နေတာ၊ ခွေးအနာသာမြင်နေတာ မစီတို့လူစုက လူနာ အပြစ်မသိဘူး၊ အပြစ်မြင်ပြီလား. . . (မြင်ပါပြီ)။

ထမ်းထားတာကလည်း သုဘလား၊ အသုဘလား. . . (အသုဘပါ)၊ အသုဘမှာလည်း (၉၆)ပါးသော အနာတွေက ပေါက်လျက်ပဲမို့လား. . . (ပေါက်လျက်ပါပဲ)၊ အမယ်လေး. . . ဆိုးလှချည်လားဗျာ။

## နိဗ္ဗာန်ကဒါမျိုးလက်မခံ

အဲဒီတော့ နိဗ္ဗာန်က ဒါမျိုးလက်ခံပ့ါမလား. . . (လက်မခံပါဘူး)၊ အသုဘခန္ဓာကိုယ် ဒုက္ခခန္ဓာကိုယ် မောင်ပေါက်စီ၊ လက်မခံဘူးကွ. . . (မှန်ပ့ါ)။

အဲဒါကြောင့် တပည့်တော်တို့ဘုရား၊ ဒါကြီး၊ လက်ရှိကြီးဟာဖြင့်၊ အတော်အရုပ်ဆိုးလို့ အတော်အကျည်းတန်နေပါပြီ၊ အဲဒါကြီးကို အသုဘခန္ဓာနဲ့ ဒုက္ခသစ္စာကြီးကိုဖြင့်၊ ကိုယ်တိုင်ပဲ အခုကိုယ့်ကိုယ် ကိုယ်မြင်ပါပြီ။

အသုဘနဲ့ ဒုက္ခသစ္စာသာရှိတယ်ဆိုတာ ပြန်ကြည့်လိုက်စမ်း၊ အသုဘနှင့် ဒုက္ခသစ္စာမှ တစ်ပါးဘာရှိသလဲ. . . (ဘာမှမရှိပါဘူး)၊ ကျင်ကြီးအိမ်ထဲ ဉာဏ်နဲ့သွားကြည့်လိုက် ဉာဏ်နဲ့ကြည့်လိုက် ကျင်ကြီးပဲရှိတယ်။

ကျင်ငယ်အိမ်နားခန္ဓာထဲ ပြန်ကြည့်လိုက်စမ်း. . . (ကျင်ငယ်ပဲရှိတယ်)၊ သလိပ်အိမ်ထဲသွားကြည့်စမ်း. . . (သလိပ်ပဲရှိပါတယ်)၊ သလိပ်ရှိတာပဲ၊ သွေးအိမ်ထဲမှသွားကြည့် . . . (သွေးပဲရှိပါတယ်)၊ သွေးပဲရှိတာပဲ။ နှာခေါင်းထဲသွားကြည့်၊ နှပ်ပဲရှိတာပဲ၊ ပါးစပ်ထဲသွားကြည့် တံတွေးပဲရှိတာပဲ၊ မဟုတ်ဘူးလား. . . (ဟုတ်ပါတယ်)။

## တင့်တယ်တဲ့သုဘမပါဘူး

ဘယ်ဟာသည် သုဘဆိုတဲ့ တင့်တယ်တာပါရဲ့လား . . . (မပါပါဘုရား)၊ မပါတော့ဒီအသုဘကြီးနဲ့ နေရတာနဲ့ အကြည့် မှားပါပြီ၊ ကြောက်လည်းကြောက်လှပါပြီ၊ ဒီအထဲကပဲ တစ်နာရီ တစ်မိနစ်၊ တစ်စက္ကန့်မှ မသာလောင်းသေနေတာ ကလဲ ရပ်ကဲ့လား . . . (မရပ်ပါဘုရား)။

ရုပ်နာမ်သေနေတာကကော. . . (မရပ်ပါ) တော်တော်ကြာ မစီတစ်ယောက်သေပြန်ပြီ၊ ဟိုက မစီသည်ထိုင်တဲ့ ဆီပါရဲ့လား. . . (မပါပါဘူး)။

အင်း-ခုနက ဒီ မစီတစ်ယောက်ဘာဖြစ်သွားသတုံးမေးလို့ရှိရင် သေပြီဘုရား၊ မောက်ပေါက်ကျော်တစ်ယောက်ဘာဖြစ်သွားသလဲ. . . (သေသွားပါတယ်)၊ အနိစ္စရောက်တယ်၊ သဘောကျပလား. . . (ကျပါတယ်)။

## ဒီထက်ကြီးတဲ့ဒုက္ခမရှိဘူး

အဲဒါတွေ အသေလည်းမပြတ် အသုဘကလည်း တရစပ်၊ အသေမပြတ်၊ အသုဘတရစပ်ဆိုတဲ့ ဒုက္ခထက်ကြီးတာများ၊ ခင်ဗျားတို့ ခွဲလို့လည်းမရဘူး၊ ခွာလို့လည်းမရဘူး၊ ထမ်းလည်းထမ်းရသေးတယ်ဆိုတော့၊ ဒီထက်ကြီးတဲ့ ဒုက္ခရှာကြစမ်းပါဦး၊ ပေါ်ကြပလား . . . (ပေါ်ပါပြီ)။

ဒီထက်ကြီးတဲ့ဒုက္ခများရှိသေးသလား. . . (မရှိပါဘူး) အမယ်လေး ဒါတွေကိုဒကာဒကာမတွေက ဖော်ပြောလိုက်တော့မှ၊ ကိုယ်ဉာဏ်ထဲရောက်သွားတော့မှ၊ ဟုတ်ပါလားဆိုတဲ့ ဉာဏ်မလာဘူးလား. . . (လာပါတယ်ဘုရား)။

အဲဒီဉာဏ်ကလေးနဲ့မှ ခင်ဗျားတို့ အသုဘနဲ့ ဒုက္ခသစ္စာမြင်တယ်၊ အဲဒီအသုဘဒုက္ခသစ္စာကြီးနဲ့ ဘယ်တော့မှ မတွဲပါရ

စေနဲ့၊ ဘယ်တော့မှမဆက်ပါရစေနဲ့၊ ဉာဏ်နဲ့ဆုံးဖြတ်ချက်ချ . . . (မှန်ပါ့)။

အတော်အရေးကြီးတယ်နော်၊ အင်မတန်အရေးကြီးလို့ပြောနေတယ်၊ မောင်ပေါက်ကျော်ဒီအရေးမသေးဘူးနော် . . . (မသေးပါဘုရား)၊ မသေးဘူး၊ မသေးဘူး။

## ဒုက္ခလွတ်ချင်တဲ့ဉာဏ်နဲ့လုပ်

မင်းတို့တစ်သံသရာလုံးမျက်စိလည်ပြီး၊ မှောက်မှားပြီး၊ ချောက်ကျလာခဲ့တာ မစီ၊ အခုဖြောင့်ပေးနေတာ . . . . (မှန်ပါ့)၊ ဖြောင့်ပေးနေတာ၊ ဒုက္ခလွတ်ချင်တဲ့ဉာဏ်နဲ့ လုပ်လို့ရှိရင်ဖြင့်၊ ဒီဉာဏ်သည် ကျွတ်ရာလွတ်ရာမှတစ်ပါး၊ ဘယ်မှကျေးဇူးမပြုဘူးဆိုတာ ဘုရားက မဂ္ဂပစ္စယောပေါ့၊ ထွက်မြောက်ရာကိုသာ ကျေးဇူးပြုတယ်ဆိုတော့ ဘယ်လောက်ရှင်းသလဲ ကျေနပ်ပလား. . . (ကျေနပ်ပါပြီ)။

ဒါဖြင့် ဒီသံသရာကြီးကို ဒုက္ခသစ္စာ အသုဘခန္ဓာ . . . (မှန်ပါ့)၊ ဒုက္ခသစ္စာ အသုဘခန္ဓာကြီးနဲ့၊ မတွဲချင်၊ မဆက်ချင်လို့ ဒီသက်န်းကို ဆရာသမားကို ကပ်ပါ. . . (မှန်ပါ့)။

ဒုက္ခသစ္စာ အသုဘခန္ဓာနဲ့ခွဲလို့ စွန့်လိုတဲ့ဉာဏ်နဲ့၊ လှူတဲ့သက်န်းပါဆိုတာ သေသေချာချာပြောင်းပါ။ မောင်ပေါက်ကျော်ပြောင်းပြီးပြီလား. . . (ပြောင်းပြီးပါပြီ)။

ဒုက္ခသစ္စာ အသုဘခန္ဓာနဲ့တွဲပိုက်မှုကို လုံးဝရွံလွန်းလို့၊ မုန်းလွန်းလို့ ဒီသက်န်းကို ဆရာသမားအား၊ ရွံတဲ့ဉာဏ်နဲ့ ကပ်ပါတယ်ဘုရား၊ လွတ်ပါစေသားဆိုပြီးတော့၊ ရွံတဲ့ဉာဏ်နဲ့ ကပ်ခြင်းလှူခြင်းဖြစ်ပါသည်လို့ မစီ ပြောင်းပေးပါ။

သေသေချာချာပြောင်းနော် ယီးတီးယားတားမပြောင်း နဲ့၊ သေသေချာချာပြောင်းမှ မောင်ပေါက်ကျော်ကော၊ သေသေချာချာပြောင်းမှ၊ ဟန်လေးပန်လေးမလုပ်နဲ့ကွ . . . (မှန်ပါ့ဘုရား)။

## ငွေဖလားနဲ့ ငွေခရားနဲ့

မင်းတို့မဏ္ဍပ်ထဲမှာ တစ်ယောက်ကငွေဖလားနဲ့၊ တစ်ယောက်က ငွေခရားနဲ့ကိုင်တဲ့အခါမျိုးမဟုတ်ဘူး ဒီဥစ္စာက၊ တကယ့်ခန္ဓာငါးပါးပေါ်မှာမှ၊ ဟိုဟာက ဟန်ရေစက်ချတွေ၊ ဟုတ်ဘူးလား. . . (မှန်ပါ့)၊ ဒါတွေက အလကားဟာတွေ. . . (မှန်ပါ့)။

တကယ်တန်းဆိုတော့ ဉာဏ်ရောက်တာမဟုတ်ဘူး၊ အလကား တစ်ယောက်လည်း ငွေဖလားကြီးနဲ့၊ ရေခရားနဲ့၊ ဟိုဘက် တစ်ယောက်ကလည်း ငွေဖလားနဲ့ရေခရားနဲ့။

အံမယ်၊ မစီတို့ ဒါတွေက အလကားဟာတွေနော် . . . (မှန်ပါ့)၊ ဒီအထဲမှာ ဟန်ကလုပ်ချင်သေးတာကိုး၊ ဟန်ပါမနေဘူးလား. . . (ပါနေပါတယ်)။

## ဟန်ပါနေရင် ဉာဏ်မပါဘူး

အဲဒီတော့ ဟန်ပါနေကတည်းကိုက၊ ဉာဏ်မပါဘူး ဆိုတာပါပဲ. . . (မပါပါဘူး)၊ သေချာပလား. . . (သေချာပါတယ်)၊ အလကားလုပ်နေတာ. . . (မှန်ပါ့)၊ အလကားလုပ်တာ၊ အလကားလုပ်တာ။

ကဲ. . ဒါဖြင့် နေရာကျပလား. . . (ကျပါပြီ)၊ ဒါဖြင့် ခင်ဗျားတို့ ဒုက္ခသစ္စာနဲ့ အသုဘခန္ဓာကြီးကို တကယ်ကျွတ်လိုတဲ့ ဉာဏ်ပေါ်ပလား. . . (ပေါ်ပါပြီ)၊ ဉာဏ်ပေါ်လို့ရှိရင်ဖြင့်၊ ခင်ဗျားတို့သည် ဝိပဿနာဉာဏ်ဦးစီး၍ ဝိဝဋ္ဋနိဿိတဒါန၊ သေသေချာချာဖြစ်တယ်။

ဝိပဿနာဦးစီးပေးလိုက်တဲ့အတွက်ကြောင့် ဝိဝဋ္ဋဒါန၊ မစီ၊ သေသေချာချာဖြစ်တယ်၊ ရှင်းပြီလား. . . (ရှင်းပါပြီ)။

ဒါဖြင့် ခန္ဓာကြီးပြန်ကြည့်ပါဦးကွ၊ သူကိုချစ်စရာ၊ ခင်စရာ ကြင်နာစရာ၊ တစ်ပဲသားများရှိရဲ့လား. . . (မရှိပါဘုရား)။

ဩော် ဒါဖြင့်မရှိတော့ ဒီခန္ဓာကြီး၊ အသုဘဒုက္ခသစ္စာကြီးဖြစ်ပြီးသကာလ ပျက်နေသောကြောင့် သူ့ကိုကျွတ်လို လွတ်လိုတဲ့ ဉာဏ်ပေါ်ပလား. . . (ပေါ်ပါပြီ)။

အဲဒီကျွတ်လိုလွတ်လိုတဲ့ ဉာဏ်ပေါ်တဲ့အချိန်မှာ၊ မင်းသက်န်းကပ်ရမယ်၊ ပေါ်ပလား မောင်ပေါက်ကျော်. . .

(ပေါ်ပါပြီ)၊ မစီကော. . . (ပေါ်ပါပြီ)၊ ကဲ မောင်ပေါက်ကျော် လာ၊ ကပ်လှည့်။

တပည့်တော်တို့ လှူဒါန်းသော ကုသိုလ်ကံသည်၊ အသုဘခန္ဓာ ဒုက္ခသစ္စာကြီး၊ မြင်သောဉာဏ်ဖြင့် ကျွတ်လို လွတ်လိုတဲ့စိတ် ပြင်းပြသည်ဖြစ်၍ ဒုက္ခဝဋ်မှ၊ ကျွတ်လိမ့်မည်ဟု၊ ဧကန်ယုံကြည်သော သဒ္ဓါဖြင့်လည်းကောင်း၊ ဧကန်မြင်သောပညာဖြင့်လည်းကောင်း၊ လှူဒါန်းပါသည် အရှင်ဘုရား၊ ကဲ. . . ကပ်။

## လှူပုံတန်းပုံကိုပြောပြမယ်

ရေစက်မချခင် အလှူရှင်ဒကာ ဒကာမတွေကို လှူပုံတန်းပုံကို ပြောပြမယ်ဆိုတာ နားထောင်ကြဖို့ပါ။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည်၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးပြီးသကာလ နေတယ်၊ အဲဒီအချိန်မှာ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန် အမှူးရှိတဲ့ ပုဂ္ဂိုလ်တွေက နကုလမာတာတို့ဆီမှာသွားပြီး သကာလ ဆွမ်း၊ သင်္ကန်းအစရှိသည်တို့ကို အလှူခံသွားကြတယ်။

အလှူခံသွားကြတဲ့အခါကျတော့ ဘုရားသခင်ကိုယ်တော်ကြီးက တရားစချင်တာနဲ့၊ ဇေတဝန်ကျောင်းမှာ ကျန်ရစ်တဲ့ ရဟန်းတွေကိုမေးတယ်။

ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်တို့ ဘယ်များကြွကြွ သတုံးကွ၊ ဝေလုကန်ရေကြည်မှာ နကုလမာတာတို့ နကုလပီတာတို့ဆွမ်းအနုမောဒနာပြုတယ်၊ အဲဒီကြွသွားကြတယ်ဘုရားလို့ လျှောက်တဲ့အခါကျတော့ ဒါဖြင့်ကွာ သူတို့ ကြွသွားတဲ့အခါကျတော့ သူတော်ကောင်းတွေဖြစ်ကြတယ်။

## ဘယ်လိုအကျိုးများခံစားရမှာလဲ

ဟိုကလျှုတဲ့ ပုဂ္ဂိုလ်များကလည်း စေတနာသဒ္ဓါတရားကောင်းကြတယ်၊ အဲဒီတော့ သူတို့ဘယ်လိုများ အကျိုးအာနိသင်များ ခံစားရမှာပါလိမ့်မလဲလို့ ရဟန်းတွေမေးလိုက်တယ်။

ရဟန်းတွေက အရှင်ဘုရားတဲ့ အရှင်ဘုရားပြောမှဟောမှသိရမည့်ပုဂ္ဂိုလ်တွေဖြစ်တဲ့အတွက် တပည့်တော်များဖြင့်သည် အကျိုးပေးကို ဘယ်လောက်ထိအောင် အကျိုးပေးမယ်လို့ မလျှောက်နိုင်၊ မထားနိုင်ဖြစ်ပြီး သကာလနေပါတယ်လို့ ဘုရားပြန်လျှောက်တယ်။

## ဘုရားကတာဝန်ယူလိုက်တယ်

အေး. . ဒါဖြင့် ငါပဲ မင်းတို့သိလောက်အောင် ဟောကြား၊ မှာကြားဆုံးမပေးမယ်လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက တာဝန်ယူလိုက်တယ်။

ကိုင်းကွာ. . . ငါဟောတော့မယ်တဲ့၊ အလှူပေး ပုဂ္ဂိုလ်မှာ အင်္ဂါ (၃)ပါးဟော့၊ အလှူခံပုဂ္ဂိုလ်မှာ အင်္ဂါ(၃)ပါးဟော့၊ အလှူပေး ပုဂ္ဂိုလ်မှာ မောင်ပေါက်ကျော် ဘယ်နှပါးလဲ. . . (အင်္ဂါ (၃)ပါးပါ ဘုရား)၊ အလှူခံပုဂ္ဂိုလ်ဘက် ကကော. . . (အင်္ဂါ (၃)ပါးပါ)၊ အင်္ဂါ (၃)ပါး မစီ မှတ်မိပြီ။

## အလှူပေးပုဂ္ဂိုလ်

ကိုင်း. . . ဒါဖြင့် အလှူပေးပုဂ္ဂိုလ်ကစပြီး သကာလ ငါတရားဟောမယ်ဆိုပြီး ဘုရားက ဟောလိုက်တယ်၊ မလှူမိရှေ့ ဖို့ကာလက ပုဗ္ဗစေတနာလည်း ရာဂ၊ ဒေါသ၊ မောဟ၊ မခြံရံခြင်းတစ်ပါး၊ ပုဗ္ဗစေတနာမှာလည်း ရှေးဦးစွာဖြစ်တဲ့ စေတနာမှာလည်း၊ ဉာဏ်နဲ့ယှဉ်ပြီးသကာလ၊ သြော်. . . ဆရာသမား အရှင်ဘုရားအနေကဇာတင်ပြီး သကာလ တရားမမွှတွေ နှလုံးသွင်းပြီးသကာလ နေခြင်းကြောင့် ရှေးဦးစွာ စေတနာလည်း အင်မတန်ကောင်းတယ်ဆိုတာလည်း၊ မင်းတို့ ဘက်က တစ်ခုလုံလောက်ပြီ။

နက်ဖြန်ကျပြန်တော့လည်း သံဃာတွေထိုက်တန်တဲ့ လှူဒါန်းပြီးသကာလ ဆွမ်းကွမ်းတွေကပ်ကြမှာက၊ အဲဒီအချိန် မှာလည်း၊ မုဥ္စစေတနာလို့ခေါ်တဲ့ လှူဆဲစေတနာလို့ခေါ်သည်။

အဲဒီစေတနာအချိန်မှာဖြင့် ရာဂဒေါသမောဟတွေ အောင်ပွဲ ယူလို့ အောင်စဲပါလားလို့ မင်းတို့အကြင်လင်မယားက

အောက်မေ့ ကြရမယ်။ ဩော်. . . ရာဂ၊ ဒေါသ၊ မောဟတွေ ချည်းပဲ အညစ်အကြေးတွေ. . . (မှန်ပ့ါ)။

## ဝိပဿနာဉာဏ်နဲ့သိ

ဒီအလှူကို သိတတ်တဲ့ ကမ္မဿကတဉာဏ်၊ ဝိပဿနာ ဉာဏ်တွေနဲ့ သိလေသောကြောင့်၊ ရာဂ၊ ဒေါသ၊ မောဟ၊ ချုပ်ငြိမ်းတဲ့ အလှူဖြစ်အောင် မင်းတို့က နက်ဖြန်လည်း နှလုံးသွင်းရမယ်။

ဒီနေ့လည်း နက်ဖြန်လှူရတော့မယ်ဆိုပြီး သကာလ ကောင်းကောင်းမွန်မွန်နှလုံးသွင်းကြပါလို့ ဆိုတဲ့အဓိပ္ပါယ်သက် ရောက်တယ်။

ဒီနေ့ညဝိပဿနာအားထုတ်ကြ၊ မမေ့မလျော့ အားထုတ်ကြ၊ နက်ဖြန်လှူတဲ့ အခိုက်အတန့်မှာရာဂ၊ ဒေါသ၊ မောဟတည်းဟူသော အညစ်အကြေးတရားတွေကို တို့သည် လှူတာဟာ၊ အောင်ပွဲယူတာပါလား။

သူတို့နိုင်နင်းတဲ့ အောင်ပွဲယူတာပါလား၊ နက်ဖြန်လည်း ဝမ်းသာကြရမယ်။

## အောင်ပွဲယူပြီး ဝမ်းသာရမယ်။

နောက်လူတွေနဲ့ သံဃာတွေဆွမ်းတွေ၊ ဘာတွေကျွေး ပြီးသည့် အခြားမဲ့၌လည်း အင်း. . . ကိလေသာရန်သူတွေကို အောင်ပွဲယူပြီးလေပြီ ဆိုပြီးသကာလ ဝမ်းသာကြရမယ်။

ဒါဖြင့် မလျှုမီကလည်း၊ ကိလေသာရန်သူ အောင်ပွဲယူရမှာကြောင့် ဝမ်းသာပေါ့ကွာ၊ လှူခိုက်အချိန်မှာလည်း ကိလေသာရန်သူ အောင်ပွဲယူရတဲ့အတွက်လည်း၊ နိုင်ပေပြီဆိုပြီး သကာလ ဝမ်းသာကြပါလို့ သတိပေးတယ်။

လှူပြီးတဲ့အခါမှလည်းကိလေသာ ရန်သူအောင်ပွဲယူပြီးလေပြီလို့ မင်းတို့အကြွင်လင်မယားက ဝမ်းမြောက်ရမယ်ဆိုတော့ ဝမ်းမြောက်စရာ အချက် (၃)ချက်ပါသွားတယ်။

## ဒီတစ်ခါအနိုင်ယူပြီ

မလှူမီ ဝမ်းသာမှု၊ ကိလေသာရန်သူအောင်ပွဲယူလို့ ဝမ်းသာမှု၊ တစ်နံပါတ်၊ လှူဆဲမှီအခိုက်အတန့်လည်း ကိလေသာရန်သူအောင်ပွဲယူရတဲ့အတွက် အင်း. . . ဘဝသံသရာများ အရှုံးချည်းပေးလာခဲ့ရတာ၊ ဒီတစ်ခါဆရာကောင်းသမားကောင်း အကူအညီနဲ့၊ ရာဂ၊ ဒေါသ၊ မောဟတည်းဟူသော အညစ်အကြေးတွေ အနိုင်ယူရလေပြီ၊ မင်းတို့ ဝိပဿနာဉာဏ်နဲ့ ချေမှုန်းပစ်လိုက်ပြီ။

လှူဒါန်းပေးကမ်းတဲ့ ကမ္မဿကတဉာဏ်နဲ့ ချေမှုန်းပစ်လိုက်ပြီဆိုပြီးသကာလလှူတဲ့အခိုက်အတန့်မှာလည်း ဝမ်းသာနေရမယ်၊ လှူပြီးတဲ့အခါကျလို့ရှိရင် ကိလေသာရန်သူတွေ ဒီတစ်ခါဖြင့် ဘဝသံသရာက အရှုံးပေးလာခဲ့တာတွေ၊ ဒီတစ်ခါဖြင့် မရှုံးဘဲနဲ့ အောင်ပွဲယူပြီးလေပြီဖြစ်လေသောကြောင့် မင်းတို့

အကြင် လင်မယားက ဝမ်းသာရမယ်ဆိုတော့ မင်းတို့ဘက်က (၃)ချက် ဝမ်းသာရမယ်။

အလှူခံပုဂ္ဂိုလ်တွေဘက်ကတော့ ငါတို့လဲဆရာသမား ဖြစ်နေတဲ့အတွက် သံဃာတွေလည်း ဆုံးမပြီးသကာလ၊ သွားမယ်တဲ့ နက်ဖြန်လှူကြတန်းကြ ပေးကြကမ်းကြတဲ့အချိန်မှာ ဘုရားထဲမှာပဲ လှူမယ်၊ တမ်းမယ်ပြောထားတော့ လှူမည့် တန်းမည့်အချိန်မှာ သံဃာတွေနှလုံးသွင်းမှုကို ငါပြောထားမယ်။

သံဃာဘက်ကလည်း အင်္ဂါ (၃)ပါးရှိရမယ်တဲ့၊ အလှူခံဘက်ကလည်း (၃)ပါး၊ (၃)ပါးက ဘာပါလိမ့်မတုံး ဆိုလို့ရှိရင်ဖြင့် ရာဂ၊ ဒေါသ၊ မောဟ၊ ချုပ်ငြိမ်းတဲ့ပုဂ္ဂိုလ်ဖြစ်ခဲ့ သော်လည်းကောင်းတယ်။

## အလှူခံပုဂ္ဂိုလ်

သို့သော် အလှူခံဆဲမှာ ရာဂ၊ ဒေါသ၊ မောဟကင်း အောင် ဝိပဿနာအလုပ်ကြီးလုပ်နေပြန်လို့ရှိရင်လည်း အရိယာ မျိုးစေ့လှူတာပဲ၊ အောက်မေ့ရမယ် အလှူခံပုဂ္ဂိုလ်ကလည်း ရာဂ၊ ဒေါသ မောဟကင်းတဲ့ ပုဂ္ဂိုလ်အဖြစ်နဲ့ ကျင့်ခြင်းနဲ့လည်း ကြုံရမယ်နော်။

ရာဂကင်းအောင် ကျင့်ဆဲပုဂ္ဂိုလ်ဖြစ်ရမယ်၊ ဒေါသကင်း အောင် ကျင့်ဆဲပုဂ္ဂိုလ်ဖြစ်ရမယ်၊ မောဟကင်းအောင် ကျင့်ဆဲ

ပုဂ္ဂိုလ်ဖြစ်ရတဲ့ အခိုက်အတန့်မှာ မင်းတို့ကလှူရမယ်ဆိုတော့ အလှူခံပုဂ္ဂိုလ်ကလည်း ရာဂကင်းအောင်ကျင့်ဆဲပေါ့၊ ဒေါသ ကင်းအောင်ကျင့်ဆဲပုဂ္ဂိုလ်ဖြစ်ရမယ်၊ မောဟကင်းအောင် ကျင့်ဆဲ ပုဂ္ဂိုလ်ဖြစ်ရမယ်။

အဲဒီကျင့်ဆဲ ပုဂ္ဂိုလ်တွေလှူရလို့ ရှိရင်လည်း မစီတို့က အဖိုးတန်မယ်၊ ဒီအဖိုးတန်မှုဟာတော့ ဆရာသမားက နက်ဖြန် သံဃာတွေ ဆုံးမပြီး သကာလ ဒီစိတ်ကို မွေးကြပါ။

ကိုယ့်ခန္ဓာကြီးကို ဝိပဿနာရှုပြီး သကာလနေဆဲအခိုက် အတန့်မှာ၊ မင်းတို့က လှူဘွယ်တန်းဘွယ်တွေကပ်တဲ့အခါကျ တော့ သူတို့မှာ ကျင့်ဆဲအဖြစ်နဲ့ ကြုံနေတဲ့အခါ ကပ်လိုက်ရတာ ဖြစ်လေသောကြောင့် ရာဂကင်းတဲ့ ပုဂ္ဂိုလ်လှူရတဲ့ ၊ အလှူပေး ပုဂ္ဂိုလ်ဖြစ်သွားတယ်။

## ဒေါသကင်းတဲ့ပုဂ္ဂိုလ်

ဒေါသကင်းတဲ့ ပုဂ္ဂိုလ်လှူရတဲ့အတွက် အလှူပေးပုဂ္ဂိုလ် မှာလည်း စင်ကြယ်တဲ့ ပုဂ္ဂိုလ်တွေကို လှူဒါန်းရတဲ့အခြေအနေ တွေ ရောက်သွားတယ်။

မောဟကင်းအောင်ကျင့်နေတဲ့ ပုဂ္ဂိုလ်တွေဖြစ်နေသော ကြောင့်လည်း လှူတဲ့ပုဂ္ဂိုလ်မှာ အလွန့်အလွန် ကျေးဇူးများတယ် ဆိုတာမှတ်ရမယ်။

အလျှုံခံပုဂ္ဂိုလ်ဘက်ကလည်း ရာဂကင်းအောင် ကျင့်ဆဲ အချိန်နဲ့ကြုံအောင် ငါကပဲ ရွက်ဆောင်ပေးပါ့မယ်နော်။

ဒေါသကင်းအောင် ကျင့်ဆဲပုဂ္ဂိုလ်ဖြစ်အောင်လည်း ငါကပဲ သံဃာတွေကို အကြောင်းကြားပြီး ရွက်ဆောင်ပေးမယ်။

မောဟကင်းအောင် ကျင့်ဆဲဖြစ်အောင် သံဃာတွေကို ငါက ပဲတိုက်တွန်းပေးပါ့မယ်။

အဲ. . . ထိုကဲ့သို့ အလျှုံခံပုဂ္ဂိုလ်ဘက်ကလည်း ရာဂကင်းအောင် ကျင့်ဆဲ၊ ဒေါသကင်းအောင် ကျင့်ဆဲ၊ မောဟကင်းအောင် ကျင့်ဆဲ၊ ဒီလိုအချိန်မှာ၊ ဒီလိုစေတနာသုံးတန်ပြတ်ထမ်းတဲ့ ဒကာ ဒကာမတွေရဲ့ အလှူသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ဘုရားက အင်မတန်အကျိုးပေးသန်တယ်ဟော့လို့ ပြောလိုက်တယ်နော်။

## ဘုရားက အကျိုးပေးသန်တယ်လို့ဟောတယ်

ဘယ်မှာ အကျိုးပေးသန်သလဲလို့ဆိုတဲ့အခါကျတော့၊ သူတို့ အကျိုးပေးဟာကွာ ဘယ်လောက်ထိအောင် အကျိုးပေးမယ်ဆိုတာ ငါဘုရားသခင်ကိုယ်တော်မြတ်ကြီး မင်းတို့ကို ပြောပြမယ်၊ ဟောပြတယ်၊ မင်းတို့နားထောင်ဆိုပြီး သကာလ ဘုရားက ပြောပြတယ်၊ ဟောပြတယ်။

ဘယ်လိုဟောပြသတုံး ဆိုတဲ့အခါ အလှူပေးပုဂ္ဂိုလ် ဘက်ကလည်း -

၁။ ပုဗ္ဗ စေတနာမှာလည်းကိလေသာရန်သူအောင်ပွဲယူလို့
၂။ မုဥ္စစေတနာလှူတဲ့ အခိုက်အတန့်မှာ ကိလေသာ ရန်သူအောင်ပွဲယူလို့။
၃။ ပရ စေတနာအဆင့်မှာလည်း ကိလေသာရန်သူ အောင်ပွဲယူပြီးပြီလို့ စိတ်ထဲကထားပြီးသကာလ လှူတဲ့ပုဂ္ဂိုလ် လည်းဖြစ်မယ်။

## သမုဒ္ဒရာရေ–ဥပမာ

အလှူခံပုဂ္ဂိုလ်ရဟန်းတွေဘက်ကလည်း၊ ရာဂ ကင်းအောင် ကျင့်စဲအချိန်၊ ဒေါသကင်းအောင် ကျင့်စဲအချိန်၊ မောဟကင်းအောင် ကျင့်စဲအချိန်မှာ မင်းတို့ လှူလိုက်ရလို့ရှိရင် မင်းတို့ဘက်က သုံးပါးကလည်းညီ၊ အလှူခံပုဂ္ဂိုလ်ဘက် ကလည်း ညီမယ်ဆိုလို့ရှိရင် ကွာတဲ့ မဟာသမုဒ္ဒရာရေကြီးဟာ အင်မတန်များပြားပါတယ်။

ရဟန်းတို့ အဲဒါ မင်းတို့သာမှတ်ကြပေတော့၊ ခွက်နဲ့ ချင်မယ်ဆိုလို့ရှိရင်၊ မဟာသမုဒ္ဒရာရေမှာ ခွက်ပေါင်း ဘယ် လောက်ရှိ မတုံးဆိုရင် မင်းတို့ ဘယ်နှယ့်ဖြေကြမတုံး တပည့်တော်တို့ မဖြေတတ်ပါဘူးဘုရား။

ခွက်ပေါင်းဘယ်လောက်ရမလဲလို့ မေးလို့ရှိရင် အများကြီးရမယ်သာ ဖြေနိုင်စရာအကြောင်းရှိပါတယ်ဆိုတော့ သမုဒ္ဒရာရေခွက်နဲ့ ချင်ရင် ခွက်အများကြီးသာရမယ်ဆိုတာ ပြောနိုင်မှာပဲ၊ ဘယ်လောက်ရတယ်လို့တော့မပြောနိုင်ဘူး။

## သမုဒ္ဒရာရေ၊ ရေတွက်လို့မရ

အဘယ့်ကြောင့်ဆိုသော် သမုဒ္ဒရာရေ အင်မတန်များသောကြောင့်ဆိုတာ မင်းတို့သိကြမှာပါပဲ။ အဲဒီသမုဒ္ဒရာရေခွက်နဲ့ မရေတွက်နိုင်အောင် များပြားလှစွာသော ခွက်တွေသာ ရလိမ့်မယ်ဆိုတဲ့အဓိပ္ပါယ်မျိုးသာ ပြောဆိုနိုင်တဲ့အတွက်၊ မစီတို့ မောင်ပေါက်ကျော်တို့က အင်း- တို့အလှူသည်ကားလို့ဆိုရင် များများကြီး အကျိုးပေးမှသာ ဘုရားဟောပါကလားလို့ သမုဒ္ဒရာရေ၊ ရေတွက်လို့မရသလို ခုနကပြောခဲ့တဲ့ အလှူခံပုဂ္ဂိုလ်ကသုံးပါး၊ လှူတဲ့ပုဂ္ဂိုလ်က အင်္ဂါသုံးပါးနဲ့ ညီညွတ်ပြီး လှူတဲ့ အလှူဟာ အများကြီးရလိမ့်မယ်လို့ ငါဘုရားဟောတယ်တဲ့။

လှူတဲ့ဒီအချိန်မှာဖြင့် ကိုယ့်ခန္ဓာကို ဝိပဿနာရှုပြီး သကာလ၊ နေစဲအခိုက်အတန့်မှာ လှူရသည်ဖြစ်လေသော ကြောင့် ရာဂကင်းအောင် ကျင့်ဆဲပုဂ္ဂိုလ်လို့ ဆိုထိုက်တယ်ကွ၊ ဒေါသကင်းအောင် ကျင့်ဆဲပုဂ္ဂိုလ်လို့ ဆိုထိုက်တယ်ကွ၊ မောဟ ကင်းအောင် ကျင့်ဆဲပုဂ္ဂိုလ်လို့ ဆိုထိုက်တယ်။

## မနိုင်းယှဉ်နိုင်တဲ့ အကျိုးပေးမယ်

ဒါကြောင့် အလှူပေးပုဂ္ဂိုလ်ကလည်း အင်္ဂါ (၃) ပါးနဲ့ ညီပြီး၊ အလှူခံပုဂ္ဂိုလ်ကလည်း အင်္ဂါ (၃)ပါးနဲ့ညီလို့ရှိရင် မနှိုင်းယှဉ်နိုင်တဲ့ အကျိုးပေးမယ်။

သမုဒ္ဒရာရေ၊ ခွက်ပေါင်းမည်မျှရတယ်ဆိုတာ မရေတွက်နိုင်သလို၊ ခွက်အများကြီးသာရမယ်လို့ ဆုံးဖြတ်ချက်ချနိုင်သလို ဒီအလှူသည်ကားဆိုရင် မကြုံဘူးတဲ့အလှူ။ အကျိုးအင်မတန်များမည့် အလှူပဲဆိုတဲ့ဥစ္စာ၊ မင်းတို့အလှူရှင် ဒကာဒကာမတွေက ဩော်. . . ဒီအလှူသည်ကား၊ တယ်ထူးခြားပါကလားဆိုတာ မစီမှတ်ထားရမယ်နော်။

ကိုယ့်ဘက်က ဘယ်နှစ်ခုတုံး. . . (သုံးခုပါ) ကိုယ့်ဘက်က (၃)ခု ရဟန်းတွေဘက်ကကော. . . (သုံးခုပါ)။

## ရဟန်းတွေဘက်ကို ဘုန်းကြီးတာဝန်ထား

ရဟန်းတွေဘက်က (၃)ခုက ဘုန်းကြီးတာဝန်ယူပြီး၊ နှလုံးသွင်းခိုင်းမယ်နော်၊ မင်းတို့ဘက်ကတော့ အခု ဆရာသမားသင်ထားတဲ့အတိုင်း၊ နှလုံးသွင်းမှုမြဲကြပါစေဆိုတာ ကို ငါကယနေ့ညသတိပေးလိုက်တယ်နော်. . . (မှန်ပါ့)။

အဲဒီတော့ ဒီအင်္ဂါ (၃)ပါး၊ အလှူပေးပုဂ္ဂိုလ်ဘက်က အင်္ဂါ (၃)ပါး၊ အလှူခံပုဂ္ဂိုလ်ဘက်က အင်္ဂါ (၃)ပါး၊ ညီညွတ်ပြီး သကာလ လှူတဲ့အလှူဟာ မင်းတို့ ဘယ်အခါမှ မလှူဘူးသေးဘူး။

တော်အောင်နဲ့သာပြီးပြီး သကာလလာကြတယ်နော်၊ အဲဒီတော့ ဒီတစ်ခါအလှူသည်ကားဆိုရင်၊ ဘေးက သိန်းကုန်၊ သောင်းကုန် လှူဒါတွေထက် ပိုမိုပြီးသကာလ ကျေးဇူးများလိမ့်မယ်လို့ မင်းတို့ အလှူရှင်များက၊ အင်း. . . ဆရာကောင်းကပ်မိတဲ့အတွက်၊ အင်း. . . ရဟန်းဘက်က လိုတာတွေကို ရှေးက တို့ကမသိခဲ့ဘူး။

တို့ဘက်က လိုတာတွေလည်း မသိခဲ့ဘူးဆိုတော့ အခုကိုယ်ဘက်က အလှူပေးပုဂ္ဂိုလ်ဘက်က လိုတာများကို ဆရာသမားတစ်ဦးက၊ ဒီနေ့ညနှလုံးသွင်းထားရမယ်ဆိုသဖြင့် မင်းတို့ သိထားနှင့်ပြီ။

## အရိယာမျိုးစေ့ကိုလှူတဲ့အလှူ

အလှူခံပုဂ္ဂိုလ်ဘက်ကလည်း၊ ရာဂကင်းအောင် ကျင့်ဆဲဖြစ်အောင်၊ ဒေါသကင်းမှုကျင့်ဆဲဖြစ်အောင် မောဟကင်းမှုကျင့်ဆဲဖြစ်အောင်၊ ဒါကိုလည်း ငါက နက်ဖြန်ဆုံးမသွန်သင်လို့ ရှိရင် ဒီသံဃာတွေဟာ နှလုံးသွင်းကြလိမ့်မယ်။

နှလုံးသွင်းကြတော့ အရိယာမျိုးစေ့ကိုလှူတဲ့ အလှူဖြစ်တယ်လို့ မောင်ပေါက်ကျော် မစီတို့က မှတ်ရမယ်နော်။

## သားရှင်ပြုတုန်းက အလှူနဲ့ မတူဘူး

ဒါက ကိုယ့်ဘက်က (၃)ပါးအလှူခံပုဂ္ဂိုလ်ဘက်ကလည်း (၃)ပါးဆိုတော့၊ မန္တိုင်းယှဉ်နိုင်တဲ့ အကျိုးကိုပေးနိုင်တယ်လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ နကုလမာတာတို့အလှူပွဲကြီးမှာ ဒီတရားကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောသည်ဖြစ်လေသောကြောင့်၊ ဩော်. . . တို့သည်ကားလို့ဆိုရင် ဒီနေ့ ဒီကာလတို့ ဆရာသမားဆီ၊ ဤကဲ့သို့ လာလုပ်ရတာသည် ရှေးကသားရှင်ပြုတုန်းကနဲ့၊ ခြားနားနေပါပေါ့လား ဆိုတာ မစီပေါ်လာလိမ့်မယ်။

ကိုယ့်ဘက်က (၃)ပါးကလည်း အရေးကြီးတယ်နော်၊ ခုနက ရဟန်းတွေဘက်က သုံးပါဆိုတာ မပါဘူးကွ၊ မောင်ပေါက်ကျော် ပါပ့ါမလား. . . (မပါပါဘူး)၊ မပါဘူးတဲ့၊ ဘာပြုလို့လဲဆိုတော့။

## ဖြစ်ပျက်နေတာ နှလုံးသွင်းပါ

အခုတော့ ဆရာသမားက အလှူခံပုဂ္ဂိုလ်ဘက်ကလည်း ကိုယ်တော်တို့ ဒီအချိန်အတွင်းမှာ ခန္ဓာကိုယ်ကြီး၊ အနိစ္စရောက်ပုံတွေ ခဏနှလုံးသွင်းပါ၊ မောဟကင်းအောင်လည်း၊ ခန္ဓာကိုယ်ကြီး ခဏ ခဏ ဖြစ်ပျက်နေတာကိုလည်း နှလုံးသွင်းပါ။

နှလုံးသွင်းပြီး အလျှုခံပါ ဆိုလိုက်သဖြင့် မင်းတို့ အရိယာမျိုးစေ့ကို လှူရတဲ့အခြေအနေမရောက်လားကွာ. . . (ရောက်ပါတယ်)၊ အရိယာမျိုးစေ့ကို လှူရတဲ့အခြေအနေကို ရောက်သောကြောင့်၊ ဩော်. . . ဒါက အံ့ဩစရာပဲ၊ ဒီနေရာ ဒီလိုလုပ်မှ ဒီအဓိပ္ပါယ်က မစီရောက်မှာကိုး. . . (မှန်ပါ့)။

ဟိုမဏ္ဍပ်ပေါ်တင်တက်ပြီးသကာလ သူကလည်း တမျောင့် ငါကလည်းတမျောင့် ဆရာလုပ်လို့ လွယ်ပါ့မလား . . . (မလွယ်ပါဘုရား)၊ မလွယ်တော့ မင်းတို့ဘက်က အင်္ဂါ (၃)ပါး ညီညွတ်ထားစေကာမူ ဆရာတွေဘက်က၊ အလှူခံဘက် က မညီညွတ်ပြန်လို့ရှိရင်လည်း၊ မနှိုင်းယှဉ်နိုင်တဲ့ အကျိုး မပေးပြန်ဘူးနော်။

## မနှိုင်းယှဉ်နိုင်တဲ့အကျိုးပေးမည့်အလှူ

အဲဒါကြောင့် အခုဘာဝ၌ ဤအလှူသည်ကားလို့ဆိုရင်ဖြင့် မင်းတို့အကြင်လင်မယားမှာ ကိုယ့်ဘက်ကလည်း ညီညွတ် အောင်လုပ်နိုင်ခြင်း အလှူခံပုဂ္ဂိုလ်ဘက်ကလည်း ညီညွတ် အောင် လုပ်ဖို့ကိုတော့၊ ငါကပဲတာဝန်ယူပြီးသကာလ လုပ်ခိုင်း ရလို့ရှိရင်ဖြင့် မနှိုင်းယှဉ်နိုင်တဲ့ အကျိုးပေးမည့်အလှူကြီးဟာ ဖြစ်ရတော့မယ်။

နိဗ္ဗာန်ချမ်းသာဆိုတဲ့ မန္တိုင်းယှဉ်နိုင်တဲ့ ချမ်းသာကြီး လည်းရအောင် လှူတဲ့အလှူပွဲကြီးဖြစ်ရတော့မယ်ဆိုတာ ယနေ့ သေသေချာချာ မှတ်ထားပါ။ သဘောကျပလား. . . (ကျပါပြီ)။

## ရှာမှရှားတဲ့အလှူ

ကောင်းပြီ ဒါဖြင့် ဒီအလှူမျိုးသည်ကားဆိုလို့ရှိရင်ဖြင့် မောင်ပေါက်ကျော် ရှာမှရှားနေတော့မှာ၊ မင်းတို့ဘက်က လွယ်တယ်ထားဦးတော့၊ သံဃာတွေဘက်က လွယ်ဖို့ရာလည်း လွယ်ကြပ့ါမလား. . . (မလွယ်ပါဘုရား)။

ဒီဘက်က ဆရာတစ်ယောက်တည်းကနေ ဩဇာနဲ့ ပေးပြီးသကာလ ဒီလိုလုပ်ခိုင်းမှရမှာပေါ့၊ သူတစ်လူ၊ ငါတစ်မင်းနဲ့နေတဲ့ ပုဂ္ဂိုလ်တွေကို ဒီလိုညီညွတ်အောင် ဖြစ်ဖို့ရာ လည်း မစီ လွယ်ပ့ါမလား မလွယ်ပါဘူး၊

အဲဒီတော့ တစ်ဘက်ကလုံးလုံးချို့ပြီမဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်)၊ များသောအားဖြင့် တစ်ဘက်က လုံးလုံး ချို့တယ်၊ သံဃာဘက်က ချို့တယ်လို့လည်း ဖြစ်ရမယ်ကွ၊

မင်းတို့နားမလည်မှုဆိုရင် မင်းတို့ဘက်က ချို့တာပဲ၊ သို့သော် မင်းတို့ဟာ မဆုံးအောင်လှူခဲ့တန်းခဲ့တယ်၊ ကိုယ့်ဘက် ကလည်း ဟန်မရ၊ ဟိုဘက်ကလည်း ဟန်မရ၊ အလှူခံပုဂ္ဂိုလ် ဘက်ကလည်း ဟန်မရ၊ အလှူပေးပုဂ္ဂိုလ်ဘက်ကလည်း

ဟန်မရဆိုတော့၊ အင်း. . . ဒါသည် ကားလို့ဆိုလို့ရှိရင်ဖြင့် အကျိုးပေး ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒါကျတော့ မဟောဘူးနော်။

သိပ်များလိမ့်မယ်လို့မဟောဘူး၊ အခုပြောတာက လှူတဲ့ပုဂ္ဂိုလ်ဘက်ကလည်း အင်္ဂါ (၃)ပါးညီပြီး၊ အလှူခံ ပုဂ္ဂိုလ်ဘက်ကလည်း အင်္ဂါ (၃)ပါးညီညွတ်ရင် မနှိုင်းယှဉ်တဲ့ အကျိုးကိုပေးမယ်နော်။

## အလွန်ကြီးကျယ်တဲ့အကျိုးပေးမယ်

ဘာနဲ့မှ နှိုင်းယှဉ်လို့မရတဲ့ အကျိုးပေး သမုဒ္ဒရာရေခွက် နဲ့ ခြင်လို့ရှိရင် ခွက်ပေါင်းများစွာရလိမ့်မယ်လို့ ဆိုရသည် သကဲ့သို့၊ အကျိုးများစွာရလိမ့်မယ်လို့ ဟောနိုင်တယ်တဲ့၊ ဘယ်လောက်ပေးလိမ့်မယ်လို့ ကန့်သတ်မဟောနိုင်ဘူး ဆိုတော့ အလွန်ကြီးကျယ်တဲ့ အကျိုး ပေးမယ်လို့ ဘုရားမဟော ဘူးလား. . . (ဟောပါတယ်)။

## ပစ္စည်းကုန်တာမကုန်တာ လိုရင်းမဟုတ်

အဲဒီတော့ ဒီအလှူပွဲသည် သာမည အလှူလို့ဆိုလို့ မရတော့ဘူး၊ အလွန်အကြောင်းညီညွတ်တဲ့ အသိဉာဏ်ဦးစီးပြီး သကာလ နှစ်ဘက်ညီညွတ်အောင်လုပ်ရတဲ့ အလှူပွဲကြီးပဲ

လို့ဆိုသဖြင့် ခင်ဗျားတို့ ပစ္စည်းကုန်တာမကုန်တာက လိုရင်း မဟုတ်ဘူး၊ အင်္ဂါမြောက်တာကလိုရင်းဖြစ်နေသောကြောင့် အလွန့်အလွန် ကြီးကျယ်ခမ်းနားတဲ့ အကျိုးပေးရမယ်ဆိုတာကို ယနေ့ကစပြီး ဆုံးဖြတ်ချက်ချပါ။

## နှစ်ဘက်အကြောင်း ညီညွတ်ဖို့လိုသည်

ဒါ ဘယ်လောက်အဖိုးတန်သလဲ. . . (တန်ပါတယ်ဘုရား)၊ အဘိုးတန်တယ်တဲ့ဒီ၊ ရေစက်ချတွေလည်း၊ ဒါမပါသေးပါဘူး၊ ခုဟာ နောက်ကိုလည်း ဘာအလုပ်၊ လုပ်လုပ်ကိုယ်ဘက်ကလည်း ညီညွတ်အောင် ဆရာတွေဘက်ကလည်း ညီညွတ်အောင်လုပ်ဖို့အရေးဟာ၊ ကိုယ့်ဘက်က ညီညွတ်အောင်၊ လုပ်ရုံနဲ့ မပြီးသေးဘူး၊ အလှူခံဘက်ကညီညွတ်အောင်၊ လုပ်ဖို့ကလည်း မစီ အရေးကြီးသေးတယ်။

အဲဒါဆိုတော့ တော်တော်လေးသတိထားမှုနှင့် တကွ သိမှုရှိတဲ့ ပုဂ္ဂိုလ်တွေမှလည်း၊ မောင်ပေါက်ကျော်ရဲ့ ဒါဟာ လုပ်ဖြစ်မှာပေါ့ကွာ။

ဒီအတိုင်းတင်ပဲ၊ သက်န်းကပ်ပြီး ဒီအတိုင်း အလှူခံပြီး ပြန်သွားတဲ့ အဓိပ္ပါယ်မျိုးဆိုလို့ရှိရင်ဖြင့်တဲ့၊ ခုနကပြောတဲ့ အကျိုးပေးမျိုးရနိုင်ပါ့မလား. . . (မရနိုင်ပါဘူး)၊ တစ်ဘက်ချို့ ပြီနော်။

အဲဒီတော့များသောအားဖြင့် တိုတိုပြောကြပါစို့ဆိုတော့၊ နှစ်ဘက်ချို့အလှူတွေကများနေတယ် မစီ ဒါကဲ့ရဲ့တာ မဟုတ်ဘူးနော်၊ နှစ်ဘက်ချို့တွေက မောင်ပေါက်ကျော် မများလား. . . (များပါတယ်ဘုရား)။

## ဝမ်းမြောက်စရာကောင်းတဲ့အလှူ

အဲဒါဖြင့် အခုအလှူကတော့ဖြင့် နှစ်ဘက်ကောင်း ဖြစ်မည့် အလှူဖြစ်လေသောကြောင့်၊ မနှိုင်းယှဉ်နိုင်တဲ့ အကျိုးပေးမယ်၊ ကျေးဇူးကြီးကို တို့သည်ကားဆိုလို့ရှိရင် ကိုယ်ပိုင် ကိုယ်တိုင်အဖြစ်နဲ့ ရရပေတော့မယ်ဆိုတာဟာ အင်မတန်မှ ဝမ်းမြောက်စရာကောင်းတဲ့ အလှူပဲဆိုတာကို ဒီတရားနာတဲ့ ပုဂ္ဂိုလ်တွေ အကုန်မှတ်ရမယ်. . . (မှန်ပါတယ်)။

မှတ်တော့ အလှူပေးပုဂ္ဂိုလ်တွေဘက်က ဘယ်နှစ်ပါး တဲ့. . . (သုံးပါးပါ) အလှူခံပုဂ္ဂိုလ်ဘက်ကကော. . . (သုံးပါးပါ) အဲဒီ (၃)ပါး ညီညွတ်မှ အကျိုးပေးသန်တယ်ဆိုတာ အသေ အချာမှတ်ပါ။

## တစ်ဘက်ချို့နေရင် အကျိုးပေးလျော့တယ်

တစ်ဘက်ဘက်ချို့နေရင် အကျိုးလျော့တယ်လို့မှတ်ပါ။ ရှင်းပလား. . . (ရှင်းပါပြီ)၊ တယ်. . . အဖိုးတန်သွားပြီကွာ။

ကဲ. . . ရေစက်ချမယ်၊ ရေစက်ချတဲ့အခါလည်း တရား ပါသွားလို့ နားထောင်ကြ၊ ရှေ့ပိုင်းကတရားပြောလိုက်ပြီ၊ စိတ်ထက်သန်အောင် ပြောလိုက်ပြီ။

## ရေစက်ချတရားတော်

**ဘန္တေ** - အရှင်ဘုရား၊ **မယံ** - အကျွန်ုပ်တို့သည် **ရာဂါဒီဟိ** ရာဂအစရှိသော **ဧကာဒသဂ္ဂီဟိ** (၁၁)ပါးသော မီးတို့ဖြင့် **ပရိပီဠိတံ**-လွန်ကဲ ညှင်းဆဲနှိပ်စက်၍ နေထသော၊ ဒီဒကာ ဒကမတွေ ဘာဖြစ်နေပါ လိမ့် ဆိုလို့ရှိရင်ဖြင့် (၁၁) မီးလောင်နေတယ်လို့မှတ်ရမယ်။

မင်းတို့မှာ ရာဂမီး၊ ဒေါသမီး၊ မောဟမီး၊ သောက၊ ပရိဒေဝ၊ ဒုက္ခ။ ဒေါမနဿမီး၊ ဇာတိ၊ ဇရာ ဗျာတိမရဏမီး၊ ပေါင်းလိုက်တဲ့အခါ (၁၁)မီးလောင်နေတယ်၊ အလှူပေးပုဂ္ဂိုလ် တွေ ဘာဖြစ်နေပါလိမ့်မတုံးဆိုတော့၊ ကိုယ့်ဟာကိုယ် စဉ်းစားလိုက်။

ဩော်. . . လောဘမီးတွေကလည်း တို့နေ့တိုင်းလောင် နေပါတယ်၊ ဒေါသမီးတွေကလည်း နေ့တိုင်းလောင်နေတယ်၊ မောဟမီးကလည်း နေ့တိုင်းလောင်နေတယ်၊ သောကဆိုတာ စိုးရိမ်မှုကလည်း နေ့တိုင်းလောင်နေတယ်၊ ပရိဒေဝဆိုတဲ့ မချိမဆန့်ဖြစ်ပြီးသကာလ နေတာတွေကလည်း နေ့တိုင်းလိုလို တွေ့ပြီးနေရတာ။

ဒုက္ခမီးဆိုတဲ့ ကိုယ်ပေါ်ကာယိကဒုက္ခတွေ၊ ကိုယ်ပေါ် ထင်ရတဲ့ နေပူခံ၊ မိုးရွာခံတင်ရတွယ်ရ၊ ကာယိကဒုက္ခမီး စေတသိက ဒုက္ခမီး၊ စိတ်ထဲကတော့ မကျေမနပ်တွေဖြစ်တဲ့ ဟာတွေအများကြီးပါရတယ်။

## မီး (၁၁) မီးငြိမ်းအောင်လို့လှူပါတယ်

သောကပရိဒေဝမီး၊ ဒုက္ခဒေါမနဿမီး၊ ဥပါယာသမီး၊ ဇာတိမီးဆိုတာလည်း လောင်လျက်၊ ဇရာမီးဆိုတာလည်း ဒီရေစက်ချမှာလောင်လျက်၊ ဗျာဓိမီး မရဏမီးတွေက လည်း လောင်လျက်ဖြစ်ပြီး သကာလနေသောကြောင့်၊ ဩော်. . . တို့သည်ကားလို့ဆိုလို့ရှိရင်ဖြင့် (၁၁)မီးလောင်တဲ့ အထဲမှာ၊ ဆရာသမားတွေ ကယ်တင်ရမှာပါလား၊ (၁၁) မီးတွေ ကို ငြိမ်းအောင်လို့ တို့အလှူ လှူမှာပါလားလို့ နှလုံးသွင်းလိုက်။

(၁၁) မီးငြိမ်းချင်လို့၊ (၁၁)မီးအလောင်ခံတတ်ကို ငြိမ်း သတ်ချင်လို့၊ (၁၁) မီးအလောင်ခံတတ်တွေကို အမြစ်ဖြတ်ချင်လို့ လှူတဲ့ အလှူလို့အောက်မေ့ကြရမယ်။

## (၁၁)မီးဓာတ်သိမ်းချင်လို့ လှူတဲ့အလှူ

ဘာအလှူပါလိမ့်ကွာ. . . (ဆယ်တစ်မီးငြိမ်းချမ်းလို့)၊ ဆယ့်တစ်မီးလောင်စာတွေကို ငြိမ်းသတ်ချင်လို့ လှူတဲ့ အလှူ

(၁၁)မီး ဇာတ်သိမ်းချင်လို့ လှူတဲ့အလှူ သေသေချာချာ ဆုံးဖြတ်ချက်ချပါ။

ဒါကြောင့် သံသာရဘယံ - ချားရဟာတ်ပမာ ချာချာ ပတ်၍ တဖြစ်တည်းဖြစ်၍နေသော သံသရာဘေးကြီးကို၊ ဩော်. . . သံသရာဘေးကြီးကလည်း ကြောက်စရာကောင်း လိုက်တာ. . . (မှန်ပ့ါ)။

## သံသရာဘေးသင့်နေတယ်

(၁၁)မီးလောင်နေတဲ့ခန္ဓာကြီးဟာ၊ သံသရာဘေးသင့် နေသေးတယ်ဆိုတာလည်း ဆုံးဖြတ်ချက်ချပါ။

သံသရာဘေးက ဘာတုံးဆိုတော့၊ အခုပဋိသန္ဓေနေ တာသည်၊ တော်ကြာ ပဋိသန္ဓေနေပြီး အိုလာသည်၊ တော်ကြာ နာလာသည် တော်ကြာသေလာသည်။

တော်ကြာသေတာက တော်ကြာဝဋ်မကျွတ်သေးရင် ပဋိသန္ဓေပြန်မနေရဘူးလား. . . (နေရပါတယ်)၊ ပဋိသန္ဓေ ပြန်နေရတော့ အိုနာသေကမလာဘူးလား. . . (လာပါတယ်)။

သေပြီးပြီးတော့ ဘယ်ဆက်သွားသလဲ. . . ပဋိသန္ဓေ ဆက်ပြီးတော့၊ ဩော်. . . သံသရာကြီးဟာ ဒီလိုလည်နေတာပါ လား၊ အဝိုင်းကြီးလည်နေတာပါလားလို့ မှတ်ကြရမယ်။

အဲဒါကြောင့် သံသာရဘယ် သံသရာရထား၊ ချား ရဟတ်ပမာ ချာချာပတ်၍ တဖြစ်ထည်းဖြစ်၍နေတဲ့ သံသရာ ဘေးကြီးကို၊ အတိဘီတာ အလွန်တရာကြောက်ကြပါကုန် သည်ဖြစ်၍ မင်းတို့အခုအချိန် ကြောက်ပစ်လိုက်ပါတဲ့။

## သံသရာဘေးမသင့်ပါရစေနဲ့တော့

ဒီဘေးကြီးသင့်နေတာဖြင့် နောက်ကို မသင့်ပါရစေနဲ့ တော့၊ ဒီအလှူဒါနနဲ့ ဒီဝိပဿနာကပဲ၊ ဒီသံသရာ စက်ရဟတ်ကြီးကို ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်နဲ့ပဲ၊ ငါတို့သည် ဖြတ်ပါတော့မယ်၊ ဒီဟာကြီး ကြောက်စရာကောင်းလွန်းလို့ စိတ်ထဲမှာ ကြောက်တဲ့ စိတ်ကလေးပေါ် လာရမယ်နော်။

သံသရာကြီး လည်နေတာကွာ၊ သေလိုက်၊ ပဋိသန္ဓေ နေလိုက်၊ အိုလိုက်၊ နာလိုက်၊ သေလိုက် ပဋိသန္ဓေနေလိုက်ဆို တော့ ဒီအဝိုင်းကြီး လှည့်နေတာပါလား၊ အဲဒီအဝိုင်းကြီးပေါ်၌ မလှည့်ချင်လို့ လှူတဲ့အလှူပေါ့ဗျာ၊ ရိပ်မိကြပလား. . . (ရိပ်မိ ပါပြီ)။

## အဝိုင်းမပြေးချင်လို့ လှူတဲ့အလှူ

အဝိုင်းပြေးမပြေးချင်လို့ လှူတဲ့အလှူကြီး အဝိုင်းကြီး ကြောက်လွန်းလို့ နောက်ဘဝမပြေးချင်လို့ လှူတဲ့အလှူကြီး

ရိပ်မိကြပလား. . . (ရိပ်မိပါပြီ)၊ (၁၁)မီးသိမ်းချင်လို့ လှူတဲ့ အလှူကွ။

သံသရာအဝိုင်းကြီးမှာ မပြေးချင်လို့ လှူတဲ့အလှူကွ၊ သဘောကျကြပလား. . . (ကျပါပြီ)၊ မှတ်ထားကြပါ။

သံသာရဘယ်-သံသရာတရား ချားရဟတ်ပေါ်မှာ ချာချာပတ်၍ တစ်ဖြစ်ထည်းဖြစ်၍နေတဲ့ သံသရာဘေးကြီးကို ဘီတာကြောက်ကြပါကုန်သည်ဖြစ်၍ (၁၁)မီးလောင်တာလည်း ကြောက်လှပါသည်ဘုရား၊ ဒါကြီးလွတ်လိုလို့ လှူပါသည်ဘုရား။

## မောလွန်းလို့ မပြေးပါရစေနဲ့

သံသရာအဝိုင်းပြေးကြီးမှလည်း မောလွန်းလို့မပြေးပါရစေနဲ့တော့၊ ဒီသံသရာအဝိုင်းပြေးမှ ပြတ်ချင်လွန်းလို့၊ လှူတဲ့ အလှူပါဘုရားလို့ အခုနှလုံးသွင်းလိုက်။

သံသရာဘေး (၁၁)မီးလောင်တာ၌ ငြိမ်းသတ်ချင်လို့ လှူပါတယ်ဘုရား၊ သံသရာအဝိုင်းပြေးမှလည်းကျွတ်လွတ်ချင်လို့၊ အပြေးဇာတ်သတ်ချင်လို့ အပြေးဇာတ် ရပ်ချင် သတ်ချင်လို့ လှူတဲ့အလှူပါဘုရား၊ အဲဒီလို နှလုံးသွင်းကြ။

အဲဒီတော့ သံသာရဘယ်-သံသရာအဝိုင်း ချားရဟတ်ပေါ်မှာ ချာချာပတ်၍ အကြိမ်ကြိမ်ဖြစ်၍နေသော သံသရာဘေးကြီးကို

တပည့်တော်တို့ ဘိတာ-အလွန်တရာကြောက်ကြပါကုန်သည် ဖြစ်၍ တတော-အလုံးစုံသံသရာဝဲဂရက်မှ မုတ္တာ-ကင်းလွတ် ရကုန်သည်ဖြစ်၍ နိဗ္ဗာန်-(၁၁)မီးတို့၏ ငြိမ်းရာ သံသရာအဝိုင်း ကြီးမှ ဇာတ်သိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာမြတ်ကြီးကို။

## အဝိုင်းပြေးမှစခန်းသတ်ရာနိဗ္ဗာန်

နိဗ္ဗာန်ဆိုတာက ဘာပါလိမ့်မလဲဆိုတော့ (၁၁)မီးငြိမ်း ၍ သိမ်းတာနိဗ္ဗာန်၊ အဝိုင်းပြေးမှ စခန်းသတ်ရာနိဗ္ဗာန်၊ နိဗ္ဗာန် ဆိုတာ ဘာပါလိမ့်မလဲဆိုရင် (၁၁)မီးငြိမ်းရာ နိဗ္ဗာန်၊ သံသရာ အဝိုင်းပြေးမှုကြီးမှ မပြေးရဘဲနဲ့ ကျွတ်လွတ်သွားတာသည် နိဗ္ဗာန်။

သံသရာအဝိုင်းပြေးဆိုတာသည် နေ့စဉ်ပဲ အိုလိုက်၊ နာလိုက်၊ သေလိုက် ဆက်ပြီး ပဋိသန္ဓေနေလိုက်ဆိုတော့ ပဋိသန္ဓေနေပြီးသား၊ အိုနာသေမှုက လာပြန်၊ အိုနာသေလာ တော့နောက် ပဋိသန္ဓေက ဆက်လာပြန်တော့ ထွက်ပေါက် မရှိအောင်ဘဲ အဝိုင်းနဲ့ပြေးနေရတဲ့အဖြစ်ကြီးမှလည်း တပည့်တော် တို့ ကျွတ်လို လွတ်လိုလို့ ဒီသံဃာတွေကို ဒီဆွမ်းတွေ ဒီထိုက်တန်တဲ့ ဝတ္ထုတွေ လှူခြင်းဖြစ်ပါသည်။

## ကြောက်လွန်းလို့လှူတဲ့အလှူ

ဒါကြီး (၁၁)မီးငြိမ်းချင်တာကလည်း ကေန်ပါပဲဘုရား၊ အဝိုင်းပြေးမှုလည်း မုချ၊ လွတ်ချင်ကျွတ်ချင်တာလည်း ကေန်ပါပဲဘုရား၊ ဒီနှစ်ခုကြောက်လွန်းလို့၊ ရွံလွန်းလို့ မုန်းလွန်းလို့ တပည့်တော်တို့ လှူတဲ့အလှူပါဘုရားလို့ အလှူရှင်တွေ စိတ်ပြောင်းလိုက်ပါ။

နိဗ္ဗာန်-(၁၁)မီးတို့၏ငြိမ်းရာကို ရည်စူး၍ပြုရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကြီးကို သစ္ဆိကရဏတ္ထာယ- မကြာမတင် ဆောလျင်ကူးမြောက် မျက်မှောက်ပြုပါရခြင်းအကျိုးငှာ တပည့်တော်တို့။

## မြန်မြန်နိဗ္ဗာန်ရောက်ချင်ပါတယ်

မြန်မြန်နိဗ္ဗာန်ရောက်ချင်ပါတယ်ဘုရား (၁၁)မီးလည်း မြန်မြန်သိမ်း၊ အဝိုင်းပြေးလည်း မြန်မြန်ရပ်၊ အဲဒါကိုသာ အဓိက ထားပါတယ်ဘုရားဆိုတော့၊ ဩော်. . . (၁၁)မီးငြိမ်းရာနိဗ္ဗာန်၊ အဝိုင်းပြေးမှ ကျွတ်ရာသည် နိဗ္ဗာန်၊ အင်း. . . ဒီနိဗ္ဗာန်ကြီးကို သာတပည့်တော်တို့ ဘာမှ မလိုချင်ဘူးဘုရား၊ ဒါပဲလိုချင် ပါတယ်၊ ဝဋ်ကျွတ်ချင်တာရယ်၊ မီးငြိမ်းချင်တာရယ် ဒါပဲလိုချင်

လို့ ဒါကိုသာ ပြင်းပြတဲ့ ဆန္ဒနဲ့ တပည့်တော်တို့ လှူခြင်း၊ တန်းခြင်း၊ ပေးခြင်း၊ ကမ်းခြင်း ဖြစ်ပါတယ်ဘုရား။

## မီးငြိမ်းတဲ့အလှူဝင့်ပြတ်တဲ့အလှူ

ဒါကြောင့် ကိလေသာရန်သူအောင်ပွဲယူနေတာ ဒီပစ္စည်းကိလေသာတွေ မခင်တွယ်ဘဲနဲ့ အဝိဇ္ဇာတဏှာတွေကို တိုက်ထုတ်ပြီးသကာလ လှူတဲ့အလှူဖြစ်လေသောကြောင့်၊ ဩော်. . . တို့အလှူသည် မီးငြိမ်းတဲ့အလှူ ဝဋ်ပြတ်မည့်အလှူပါလားဆိုတဲ့ဥစ္စာ သေသေချာချာမှတ်ရမယ်။

နိဗ္ဗာန်-ဒုက္ခခပ်သိမ်းကင်းငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကြီးကို (ဝါ) ဝဋ်တကာတို့၏ ကျွတ်ရာဖြစ်တဲ့ နိဗ္ဗာန်မြတ်ကြီးကို သစ္စိကရဏတ္ထာယ-မကြာမတင်ဆောလျင်ကူးမြောက်အထောက်ရ၍ မျက်မှောက်ပြုပါရခြင်းအကျိုးငှာ၊ ဉာဏစက္ခုနာ-ဉာဏ်ပညာစက္ခုဖြင့်၊ ဂဝေသန္တော-ရှာမှီးသည်ရှိသော် ဘိက္ခဝေ သံသရာဘေးဘယာတွေးဆ၊ ရှုမျှော်လေ့ရှိကြကုန်သော သူတော်ကောင်းအပေါင်းတို့၊ ပုည်-မင်းတို့ပြုတဲ့ ကောင်းမှုကုသိုလ်ဟူသမျှသည်၊ သုခံ-နိဗ္ဗာန်မြတ်ကြီးကို၊ ဧကန်ရောက်မှာဆိုတာကို သေသေချာချာ ယုံကြည်လိုက်ပါ။

## အလှူက သာမညအလှူမဟုတ်

အဘယ့်ကြောင့် ဆရာသမားတွေ ယုံကြည်မှုကို တိုက်တွန်းရပါသတုံးလို့ မေးခွန်းထုတ်ခဲ့သည်ရှိသော်၊ ဒီဒကာ ဒကာမတွေ လှူတာက သာမညအလှူမှမဟုတ်ဘဲ၊ ရာဂ၊ ဒေါသ၊ မောဟာ ကင်းချင်လို့လှူတဲ့ အလှူ၊ ရာဂ၊ ဒေါသ၊ မောဟ ငြိမ်းတဲ့ပုဂ္ဂိုလ်ကို လှူတဲ့အလှူ၊ ငြိမ်းအောင်ကျင့်နေတဲ့ ပုဂ္ဂိုလ်ကို လှူတဲ့အလှူတွေ ဖြစ်လေသောကြောင့် မုချ တို့သည် ဒုက္ခပြတ် ရာ (၁၁)မီးသိမ်း၍ ငြိမ်းလိမ့်မယ်ဆိုတာ သေသေချာချာ ယုံကြည်တဲ့ ကမ္မဿကတဉာဏ်နဲ့အလှူ၊ ဝိပဿနာဉာဏ်နဲ့ လှူတဲ့အလှူဖြစ်လေသောကြောင့် မငြိမ်းမရှိပါဘူးဆိုတာ ဆုံးဖြတ်ချက်ချပါ။

သစ္စိကရဏတ္ထာယ-မကြာမတင်ဆောလျင် ကူးမြောက် မျက်မှောက်ပြုပါရခြင်းအကျိုးငှာ၊ ဉာဏစက္ခုနာ-ဉာဏ်ပညာ စက္ခုဖြင့်၊ ဂဝေသန္တော-ရှာမှီးကြကုန်သည်ရှိသော်၊ ဘိက္ခဝေ-သံသရာဘေး တွေးဆရှုမျှော်လေ့ရှိကြကုန်သော သူတော်ကောင်းအပေါင်းတို့၊ ပုညံ-ကောင်းမှုကုသိုလ်ဟူသမျှသည်၊ သုခံ-နိဗ္ဗာန် ချမ်းသာမြတ်ကြီးကို၊ ဇနေတိ-ဖြစ်စေတတ်၏။

## နိဗ္ဗာန်ချမ်းသာကိုပေးနိုင်တယ်

ဣတိ-ဤသို့၊ ဝုတ္တံ-သုံးလူ့ဆရာစောသတ္တာသည်

ကောင်းစွာဟောကြားတဲ့စကားရပ်ကို၊ မနသိကတ္တာ-ကောင်းစွာ နှလုံးနှစ်ခြိုက် ကြိုက်နှစ်သက်ကြပါကုန်သည်ဖြစ်၍၊ သြော် . . . နိဗ္ဗာန်ချမ်းသာကို တကယ်ပေးစေနိုင်တယ်လို့ ဘုရားက ဟောသောကြောင့် တကယ်ရမယ်ဆိုရင်၊ တကယ်ယုံကြည်လိုက်စမ်းပါ၊ တကယ်ယုံကြည်လိုက်စမ်းပါ . . . (မှန်လှပါဘုရား)။

ဣမာနိပိဏ္ဍပါတ-ခါဒနီယ ဘောဇနီယာဒိနိ-ဤဆွမ်း ခဲဘွယ်ဘောဇဉ်ချိုချဉ်အရသာတို့ကိုလည်းကောင်း၊ ဗုဒ္ဓရူပံ-ဘုရားသခင်ကိုယ်တော်မြတ်ကြီးနဲ့အလားတူဖြစ်တဲ့၊ ဘုရားရုပ်ပွားတော်မြတ်ကြီးကိုနာနာပုဂ္ဂလာနံ-တည်သောပုဂ္ဂိုလ်တို့သည် အထူးသောပုဂ္ဂိုလ်တို့၏ အတ္ထာယ ရှိခိုးပူဇော်ဖူးမြော် ကန်တော့ရန်အလို့ငှာ၊ တိဋ္ဌေယျာမ-တပည့်တော်တို့ တည်ဆောက်ကိုးကွယ်ပါ၏ အရှင်ဘုရား၊ ရုပ်ပွားကြီး လှူဒါန်းပါ၏ အရှင်ဘုရား။

## လယ်မြေကောင်း၌ မျိုးစေ့စိုက်ခြင်း

အထ-ထို့ပြင်မှတစ်ပါး၊ ဣမာနိ-ပိဏ္ဍပါတ ခါဒနီယ ဘောဇနီယာဒိနိ၊ ဤဆွမ်းခဲဘွယ်ဘောဇဉ်ချိုချဉ်အရသာတို့ကို သံဃသ-အာရာမိက,သံဃိကဖြစ်တဲ့ သံဃာ၊ ယောဂီပုဂ္ဂိုလ်တို့ တရားဓမ္မအားထုတ်တဲ့ ပုဂ္ဂိုလ်အား သီလရှင်အား၊ ဒေမ-အရိယာနွယ်တွေ ရည်မှန်း၍ တပည့်တော်တို့က အရိယာတည်းဟူသော

လယ်မြေကောင်း၌ စေတနာတည်းဟူသော မျိုးစေ့ကို စိုက်ခြင်း အားဖြင့် လှူဒါန်းပါ၏အရှင်ဘုရား။

## နိဗ္ဗာန်ကူးမြောက်မျက်မှောက်ပြုရပါလို၏

ဘန္တေ-အရှင်ဘုရား၊ မယံ-အကျွန်ုပ်တို့သည်၊ ကပ္ပိနာ ဒါနပုညေန-ဤကဲ့သို့ တည်ထားကိုးကွယ်ရသော ဥဒ္ဒိဿစေတီ ဥဒ္ဒိဿ ကိုယ်တော်ကြီးကို တည်ထားကိုးကွယ်လှူရတဲ့ အကျိုးဆက်ကြောင့်လည်းကောင်း၊ အကြောင်းကြောင့်လည်း ကောင်း၊ ပိဋကပါတခါ ဒနိယဘောဇနိယ အစရှိသည်တို့ကို လှူရ တန်းရ ပေးရကမ်းရတဲ့ ကုသိုလ်ကံစေတနာတို့ကြောင့်လည်း ကောင်း၊ မယံ-တပည့်တော် တပည့်တော်မတို့သည် အဇာတိ- ပဋိသန္ဓေမနေရာစင်စစ်ဖြစ်သော၊ အဇရံ-မအိုရာစင်စစ်ဖြစ်သော၊ အမတံ-မသေရာစင်စစ်ဖြစ်သော၊ သီဝံ-ဇာတိဇရာ ဗျာတိမရဏာ စသည်ထောင်သောင်းဘေးအပေါင်းတို့၏ ကောင်းကောင်းကြီး ငြိမ်းရာဖြစ်သော နိဗ္ဗာန်မြတ်ကြီးကို၊ ကတ္တိတဝရေန-အလိုရှိအပ် တောင့်တအပ်သော ဆုမြတ်အပေါင်းဖြင့် (ဝါ) ဆုမြတ်အပေါင်း နှင့် သစ္စိကရေယျာမ-မငြိ မငြင်စောလျင်ကူးမြောက် မျက်မှောက် ပြုရပါလို၏ အရှင်ဘုရား။

## နိဗ္ဗာန်မျက်မှောက်ပြုရပါလို၏

ဒီတရားကိုဝေရတဲ့အတွက် လှူဒါန်းပေးကမ်းရတဲ့အတွက် တပည့်တော်တို့၏ ရာဂ၊ ဒေါသ၊ မောဟ ငြိမ်းအောင်ကျင့်နေတဲ့ ဝိပဿနာမဂ်ဉာဏ်သည် စင်စစ်နိဗ္ဗာန်ကို မျက်မှောက်ပြုရပါလို၏ အရှင်ဘုရား။

ဘန္တေ-အရှင်ဘုရား၊ ဣမသ-ဤကောင်းမှုကံ၏၊ ဘာဂံ-အဖို့ကို ဂုဏဝိသိဋ္ဌတရာနံ-ဂုဏ်ကျေးဇူးအားဖြင့် အထူးကြီးမားလှပေကုန်သော၊ မာတာပီတုနဉ္စ-မိခင်ဘခင်တို့အားလည်းကောင်း၊ အာစရိယနဉ္စ-ဆရာသမားတို့အားလည်းကောင်း၊ ဣမာသဉ္စပရိသာနံ-ယခုအစည်းအဝေးသို့ ရောက်လာကြကုန်သော ပရိသတ်တို့အားလည်းကောင်း၊ အဝသေသာနံ-ကြွင်းကျန်ကြကုန်သော၊ ဧကတိံသဘဝေ-သုံးဆယ့်တစ်ဘုံ၌ စရန္တာနံ-ကျင်လည်ပြေးသွား၍ နေကြလေကုန်သော၊ သဗ္ဗသတ္တာနဉ္စ-အလုံးစုံသော သတ္တဝါအပေါင်းတို့အား၊ ဘာဇေယျာမ-ရေစက်သွန်းချ အမျှပေးဝေပါကုန်၏

## အညီအမျှရကြသည်ဖြစ်ပါစေ

တေသတ္တာ-ထိုသတ္တဝါအပေါင်းတို့သည်၊ အမှေဟိ-အကျွန်ုပ်တို့နှင့် သမံ-ထပ်တူထပ်မျှ၊ ပုညဘာဂံ-ကုသိုလ်အစုကောင်းမှု အဖို့ကို၊ လဘိတွာ-အညီအမျှရကြသည်ဖြစ်၍၊ သုခိတာ-ကိုယ်စိတ်နှစ်ဖြာ ချမ်းချမ်းသာသာရှိကြကုန်သည်၊

မုဒိတာ-ပီတိမောက်လွှမ်း၍ ဝမ်းမြောက်သောစိတ်ရှိကြကုန်သည်၊ ဘဝန္တ-ဖြစ်ကြပါစေကုန်သတည်း၊ ကဲ. . . အမျှဝေ။

အမျှ. . . အမျှ. . . အမျှ ယူတော်မူကြပါ ခင်ဗျား။

သာဓု. . .၊ သာဓု. . .၊ သာဓု. . .။